# ကြမ်းကြုတ်သော ခြေသံ၊ ကောက်ကျစ်သောခြေလှမ်း

မြန်မာစစ်တပ်ဝါဒဖြန့်သူများ၏ လားရာကို ဆန်းစစ်ခြင်း

## “Cruel Footstep, Cunning step”

## Analyzing the Trends of Pro-Myanmar Military Propagandists

**The Red Flag Quarterly Report #Q1**

**(January-April 2024)**

# မာတိကာ

**EXECUTIVE SUMMARY ..... 2**

**အပိုင်း (၁) နိဒါန်းနှင့် အနှစ်ချုပ် ..... 5**

လေ့လာမှုနည်းနာနှင့် ကန့်သတ်ချက် ..... 7

**အပိုင်း (၂) ဘာသာရေး၊ လူမျိုးရေး အသောင်းကနင်းဆီ ဦးတည်ဖန်တီးနေခြင်း (ရေပန်းအစားဆုံးအကြောင်းအရာများ) ..... 8**

(က) ကိုးကန့်ဖြစ်စဉ် ..... 9

(ခ) ရခိုင်ဖြစ်စဉ် ..... 10

(ဂ) တောင်ဒဂုံ ဝတ်ပြုခန်း ..... 13

**အပိုင်း (၃) ဝါဒဖြန့်ချိမှုစစ်ဆင်ရေးနှင့် သတိထားဖွယ်ရာနည်းဗျူဟာ ..... 15**

(က) TELEGRAM နှင့် FACEBOOK ပေါ်မှ ထူးခြားထင်ရှားသော သက်သေများ ..... 15

*(က.က) ဘာသာစကားတိုးချဲ့မှု ..... 15*

*(က.ခ) မြေပြင်နှင့်ချိတ်ဆက်နေသည့် တပ်တွင်းဝါဒဖြန့်ချိရေး ..... 18*

*(က.ဂ) Channel Admin များအချင်းချင်း ချိတ်ဆက်မှုထူးခြားချက် ..... 20*

*(က.ဃ) ဝါဒဖြန့်သူများ မြေပြင်အထိဆင်းသက်လှုပ်ရှားမှု ..... 23*

*(က.င) Advocacy လုပ်ငန်းစဉ်ကိုခြိမ်းခြောက်နေသည့် အကြောင်းအရာများ ..... 23*

ခ) YOUTUBE နှင့် TIKTOK ပေါ်မှ ထူးခြားထင်ရှားသက်သေများ ..... 24

*(ခ.က) ဖြစ်ရပ်သက်သေများ ..... 24*

*(ခ.ခ) Amplifying (ထပ်ဆင့်ဖြန့်ဝေခြင်း) ..... 25*

*(ဂ) ဝါဒလည်းဖြန့်ရ ဝမ်းလည်းဝ ..... 26*

*(ဃ) စစ်တပ်ထောက်ခံသည့်ဝါဒဖြန့်ချိသူများကို စစ်တပ်ကပြန်ဖမ်းခြင်း ..... 28*

**အပိုင်း (၄) အချက်အလက် ကိန်းဂဏန်းပြရုပ်ပုံများ ..... 31**

**အပိုင်း (၅) စကားဝှက်များနောက်ကွယ်က အမုန်းတရားမီးပွား ..... 36**

(က) ပျံ့နှံ့ခဲ့သော စကားဝှက်အသုံးအနှုန်းများ(WORDING) နှင့် ယင်းတို့၏ အဓိပ္ပာယ်များ ..... 36

**အပိုင်း (၆) နိဂုံးမှတ်စု ..... 38**

**နောက်ဆက်တွဲဇယားဖော်ပြမှု ..... 40**

# Executive Summary

The Red Flag has developed an analytical report that strategically focuses on content that can cause viral issues on social media for a pe riod of first quarter starting from January 2024 to April 2024. In summary, it can be studied as follows.

The Military Council (SAC) has been defeated in the many fights across the country. Meanwhile, they intensively implemented their propaganda schemes and, racial and religious incitements employing their lackeys. There are also serial attempts to disunite the different religious groups to create conflict as a consequence, particularly in Northern Shan state and Rakhine state. For instance, those attempts included the Chinese subtitled dissemination of destroying Buddha images in the Kokang region, planned protests in Townships from Northern Rakhine state with a reason of the Arakan Army's (AA) violence against Rohingya, creation of fire cases in Buthidaung Township by manipulating Rohingya and incitement with an accuse of AA's genocidal violence against family members of Myanmar soldiers after their navy boats are sunk. Furthermore, anti-Rakhine incitements continuously occurred in Yangon, Mandalay and Mawlamyine. In addition, during the Muslims' Ramadan period, the prayer room in South Dagon was portrayed as a mosque and a murder that happened between a young couple from Phyu, Bago Region was also portrayed as a religious conflict. It is also obvious that these incitements are targeting those who oppose the Military Council as an attempt to divert their attention. Amongst other areas, those incitements did not seem to have a tremendous impact except in the Northern part of Rakhine state. In fact, to some extent, manipulated actions including racial incitements had a large impact on the Northern Rakhine state and led to deadly conflicts between Rakhine and Rohingya communities. Therefore, it is seriously needed to take action by all relevant stakeholders with pre-emptive measures such as surveillance and

precautionary informing systems and preventive plans before the outbreak of massive racial and religious riots soon.

Another point that needs to be cautious is that the dissemination of false information is being vigorously implemented on Telegram, Facebook, YouTube, and TikTok. Particularly, propagandas on Telegram are extended with new languages such as Chinese and Bengali. It is obvious to see that these propagandas intended to create conflicts targeting at the Northern parts of the Rakhine and Shan states respectively. Another factor to be aware of is the dramatic usage of YouTube and TikTok which shortly became popular in Myanmar today. Mainly, they are being used for the dissemination of video clips that incite anti-Muslim attitudes. It is also found that intentional dissemination of some contents on YouTube and TikTok while those contents can cause religious divisiveness, such as the murder of a girl in Phyu Township, the case of a house portrayed as a mosque in South Dagon Township, the news that says an adult novice recites Islamic literature at a mosque in Chaung Sone, Mawlamyine Township and a fight between the young men at a mosque in New Aye, Thaketa Township. One of the matters that need to be specifically highlighted is that some evidences show at least 2 YouTube channels could make money (monetization) from advertisements although those channels usually attempt to disunite racially and religiously and promote pro-military posts and anti-revolution posts. This is a case that needs to be addressed by digital rights activists and the media. Additionally, an immense problem is the emergence of a secret group called the 'Black Grim Reaper Group' (အနက်ရောင်သေမင်းတမန်အဖွဲ့) that assassinates the members of revolutionary forces. This group issued a warning announcement dated 28 March saying that they would commit counter-killing if there were bully killings. And then, they subsequently announced via Telegram in early May that they had already killed 3 men in the Bago

region. Therefore, how to record and address such a group is also a factor that needs to be taken into account.

Also, another matter that should be highlighted is the use of disguised words or words written in cipher to be free from restriction on social network pages. The Red Flag has been watched and recorded such a total number of 156 words. They can be seen in Section (5) of this report and the Annexed table. As a recorded finding, some disguised words are encouraging for brutal investigation such as the word 'doing make-up' (မိတ်ကပ်လူး) instead of the word 'hit or punch' (ထိုးကြိတ်), the word 'dusting' (ဖုန်ခါ) instead of the word 'strike or cuff' (နားရင်းရိုက်), the word 'tad' (သဋ္ဌ) instead of the word 'tat' (kill), the word 'Yakhee' (ရခီး) instead of the word 'Rakhine' (ရခိုင်), the word 'lay the eggs' (ဥများဥချ) instead of the word 'bombing' (ဗုံးကြဲ) and so forth. This is a crucial thing for the policyholders from social media since they need to closely monitor and address the online-based incitements of racial and religious violence.

This full version of the report contains the research findings resulting from an analytical overview of contents posted by pro-military propagandists on Telegram, Facebook, YouTube, and TikTok platforms. Moreover, the report includes information and suggestions that can be used and referred to by media organizations, civil society organizations, and social media companies. Finally, the report made efforts under some limitations during a period of 4 months to alert the people to see and listen to the cunning and cruel steps and footsteps of pro-military propagandists including the excerpts of the most popular contents, the numerical table for data collection, study of disguised words used by the Military council's propagandist circle and cautionary tactics of propaganda operation.

# အပိုင်း (၁)　နိဒါန်းနှင့် အနှစ်ချုပ်

၂၀၂၄ ခုနှစ် ဇန်နဝါရီလ မှ ဧပြီလ အထိ ပထမလေးလပတ် လူမှုကွန်ရက်ပေါ်ရှိ ပြဿနာဖြစ်ပွားစေနိုင်သော အကြောင်းအရာများနှင့် နည်းဗျူဟာ လေ့လာချက် အစီရင်ခံစာကို The Red Flag အဖွဲ့ က ပြုစုထားပါသည်။ အကျဉ်းချုပ်အားဖြင့် ဤသို့ လေ့လာနိုင်ပါသည်။

နိုင်ငံတဝန်း စစ်ရှုံးလာသော စစ်ကောင်စီသည် သူ၏ လက်ပါးစေများကို အသုံးပြုလျက် ဝါဒဖြန့်ချိရေး၊ ဘာသာရေး၊ လူမျိုးရေး သွေးထိုးမှုများ ဖိဖိစီးစီး ပြုလုပ်လာသည်။ အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် ဘာသာမတူ အုပ်စုများအကြား စိတ်ဝမ်းကွဲလာစေရန်၊ ထိုမှတဆင့် ပဋိပက္ခဖြစ်ပွားလာစေရန် ဆက်တိုက်လုပ်ဆောင်လာသည်။ ကိုးကန့်ဒေသတွင် ဘုရားပုံတုများကို ဖျက်ဆီးနေပုံများကို တရုတ်စာတမ်းထိုးများဖြင့် ဖြန့်ချိခြင်း၊ ရခိုင်ပြည်နယ် မြောက်ပိုင်း မြို့နယ်များတွင် ရခိုင့်တပ်တော် (AA) ရိုဟင်ဂျာများကို အကြမ်းဖက်နေသည်ဟုဆိုကာ ဆန္ဒပြပွဲများ ဖန်တီးခြင်း၊ ရိုဟင်ဂျာများကို ကြိုးကိုင်ကာ ဘူးသီးတောင်မြို့ပေါ်တွင် မီးရှို့ခြင်း၊ ကျောက်တော်မြို့နယ်တွင် နစ်မြုပ်ခဲ့သော စစ်တပ်ရေယာဉ်များမှ တပ်မိသားစုဝင်များကို AA က လူမျိုးတုန်းသတ်ဖြတ်နေကြောင်း လှုံ့ဆော်ခြင်း တို့ ဆက်တိုက်ပြုလုပ်ခဲ့သည်။ ယင်းအပြင် ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့ကြီးများတွင် ရခိုင်လူမျိုးများကို သပိတ်မှောက်ရန် လှုံ့ဆော်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ အစ္စလာမ်ဘာသာဝင်တို့၏ ဥပုသ်လဖြစ်သော ဖေဖော်ဝါရီနှင့် မတ်လများတွင် တောင်ဒဂုံဝတ်ပြုခန်းအား ဗလီအဖြစ် ပုံဖော်ခြင်း၊ ပဲခူးတိုင်း၊ ဖြူးမြို့နယ်တွင် သမီးရည်းစားအချင်းများပြီး သတ်ဖြတ်မှုကို ဘာသာရေးအခြေပြု ပဋိပက္ခအဖြစ် ပုံဖော်ခြင်းတို့ ဆက်တိုက်လုပ်ဆောင်ခဲ့သည်။ ယင်းမှာ စစ်ကောင်စီကို မုန်းတီးဆန့်ကျင်နေသော လူထုကို အာရုံလွှဲရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ထင်ရှားစွာတွေ့ရသည်။ အခြားဒေသများတွင် ထိုသို့ ကြိုးပမ်းမှု များစွာ အရာမထင်လှသော်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရခိုင်နှင့် ရိုဟင်ဂျာ လူမျိုးတို့အကြား ပဋိပက္ခ ဖြစ်ပွားစေရန် သွေးထိုးကြိုးကိုင်မှုမှာ အတိုင်းအတာ တခုအထိ ထိရောက်မှု ရှိပြီး လူသေဆုံး ထိခိုက်မှုရှိသော ပဋိပက္ခအချို့ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရသည်။ ထိုကြောင့် မကြာမီတွင် ပိုမိုကြီးမားသော လူမျိုးရေး ဘာသာရေး အရေးအခင်းတခု ဖြစ်လာနိုင်ပြီး သက်ဆိုင်သူများ အနေနှင့် ကြိုတင် သတိထောက်ပေး တားဆီးမှုများ လေးလေးနက်နက် လုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။

ထပ်မံသတိပြုရမည့် အပိုင်းမှာ Telegram၊ Facebook၊ Youtube နှင့် Tiktok တို့မှ တဆင့် သတင်းမှား ဖြန့်ချိခြင်းများ ဖိဖိစီးစီး လုပ်ဆောင်လာခြင်း ဖြစ်သည်။ အထူးသဖြင့် Telegram တွင် တရုတ်နှင့် ဘင်္ဂလီ ဘာသာစကားများကိုပါ တိုးချဲ့အသုံးပြုပြီး ဝါဒဖြန့်ချိလာသည်ကိုတွေ့ရသည်။ ယင်းမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းကို ပစ်မှတ်ထားပြီး ပဋိပက္ခဖန်တီးနေကြောင်း ရှင်းလင်းစွာ မြင်နိုင်ပါသည်။ နောက်ထပ်အလေးထားရမည့် အချက်မှာ မြန်မာနိုင်ငံတွင် လူကြည့်များသော Youtube နှင့် Tiktok ကို ဆထက်တပိုး အသုံးပြုလာခြင်းဖြစ်သည်။ အထူးအားဖြင့် အစ္စလာမ်ဘာသာဝင်များကို ပစ်မှတ်ထားသော ဗီဒီယိုဖိုင်များ ဖြန့်ချိပြီး သွေးထိုးရန် ကြိုးပမ်းလာခြင်း ဖြစ်သည်။ ဖြူးမြို့တွင် မိန်းကလေး တဦး

အသတ်ခံရသည့်ကိစ္စ၊ တောင်ဒဂုံတွင် နေအိမ်ကို ဗလီအဖြစ် အသုံးပြုနေသည်ဆိုသည့် ကိစ္စ၊ မော်လမြိုင်မြို့ ချောင်းဆုံဗလီတွင် ကိုရင်ကြီးတစ်ပါးက အစ္စလာမ်ဘာသာရေးဆိုင်ရာ စာများ ရွတ်ဆိုသည့် ကိစ္စ၊ သာကေတ မြို့နယ် နွယ်အေးဗလီတွင် လူငယ်ချင်းရန်ဖြစ်သည့် ကိစ္စများတွင် Youtube နှင့် Tiktok တို့ကို အဓိက အသုံးပြု ဘာသာရေးသွေးခွဲမှုများ ဖြန့်ချိခဲ့သည်ကို တွေ့ရသည်။ အထူးအလေးပေး ဖော်ပြလိုသည့် ကိစ္စ တခုမှာ စစ်တပ်ကောင်းကြောင်း၊ အာဏာရှင်တော်လှန်ရေး မကောင်းကြောင်း၊ ဘာသာရေး လူမျိုးရေး သွေးခွဲမှုများ ဖြန့်ချိသည့် အနည်းဆုံး Youtube Channel နှစ်ခုမှာ ကြော်ငြာဝင်ငွေရရှိနေကြောင်း (Monetization) သက်သေအထောက်အထားများ တွေ့ရှိခြင်း ဖြစ်သည်။ ယင်းမှာ ဒီဂျစ်တယ်အခွင့်အရေးဆိုင်ရာ လှုပ်ရှား တက်ကြွသူများ၊ မီဒီယာများ အလေးထား ကိုင်တွယ်ရမည့် ကိစ္စတခု အဖြစ် မီးမောင်းထိုးပြလိုပါသည်။ များစွာ အန္တရာယ်ကြီးသော ကိစ္စရပ်တခုမှာ တော်လှန်ရေး အင်အားစုများကို သတ်ဖြတ်ရှင်းလင်းသည့် အနက်ရောင်သေမင်းတမန်ဟူသော အဖွဲ့ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အနိုင်ကျင့် သတ်ဖြတ်မှုများ ကျူးလွန်ပါက တန်ပြန်သတ်ဖြတ်မည်ဖြစ်ကြောင်း ယင်းအဖွဲ့က မတ်လ ၂၈ ရက်နေ့ ရက်စွဲဖြင့် သတိပေးစာ တခု ထုတ်ပြန်ခဲ့ပြီး မေလဆန်းပိုင်းတွင် ပဲခူးတိုင်းမှ အမျိုးသား သုံးဦးကို သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်း Telegram မှ တစ်ဆင့် ထုတ်ပြန်ခဲ့သည်။ ထိုကြောင့် ယင်းကဲ့သို့သော အဖွဲ့မျိုးကို မည်သို့ မှတ်တမ်းယူ စောင့်ကြည့် ကိုင်တွယ်မည်ကိုလည်း စဉ်းစားဖွယ်ရာ တခု ဖြစ်သည်။

မီးမောင်းထိုးပြဖွယ်ရာ အခြား ကိစ္စရပ်တခုမှာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကန့်သတ်ခံရမှုမှ ကင်းဝေးစေရန် စကားဝှက်များ အသုံးပြုလာခြင်းဖြစ်သည်။ The Red Flag အနေနှင့် စကားဝှက် အသုံးအနှုန်း စုစုပေါင်း ၁၅၆ ခုကို စောင့်ကြည့်မှတ်တမ်းပြုခဲ့ပြီး ယင်းကို ယခုအစီရင်ခံစာပါ အပိုင်း (၅) နှင့် နောက်ဆက်တွဲ ဇယားတွင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ပါသည်။ ဥပမာအားဖြင့် မျက်နှာကို ရိုက်နက်စစ်ကြောရန် လှုံ့ဆော်ရာတွင် ‘မိတ်ကပ်လူး’ ဟူသော စကားရပ်၊ ရိုက်နက် နားပန်ကျင်း စေရန် ‘ဖုန်ခါ’ ဟူသော စကားရပ်၊ သတ်ဖြတ်စေရန် အလို့ငှာ သုံးစွဲရာတွင် ‘သင်္ဂြိုဟ်’ ဟူသော စကားရပ်၊ ရခိုင်လူမျိုးကို ညွှန်းဆိုသောအားဖြင့် ‘ရခီး’ ဟူသော စကားရပ်၊ လေကြောင်းမှ ဗုံးကြဲရာတွင် ‘ဥများဥချ’ ဟူသော စကားရပ်တို့ကို သုံးစွဲသည်ကို မှတ်တမ်းပြု တွေ့ရှိရသည်။ ယင်းမှာ လူမှုမီဒီယာတွင် အကြမ်းဖက် သတ်ဖြတ်ရန်၊ လူမျိုးရေး ဘာသာရေး လှုံ့ဆော်မှုများကို ပြုလုပ်ရန် တားဆီးတည်းဖြတ်သည့် လူမှုမီဒီယာက မူဝါဒကိုင်တွယ်သူများ အထူး အလေးထား သတိထားရမည့် ကိစ္စလည်း ဖြစ်သည်။

ယခုအစီရင်ခံစာ အကျယ်တွင် စစ်တပ်ဝါဒဖြန့်ချိရေး Telegram၊ Facebook၊ Youtube၊ Tiktok ပလက်ဖောင်းပေါ်ရှိ ဖြစ်ရပ်များကို ခြုံငုံစောင့်ကြည့်ပြီး ပြန်လည်သုံးသပ်ထားသည့် သုတေသနတွေ့ရှိချက် များ ပါဝင်ပါသည်။ မီဒီယာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဆိုရှယ်မီဒီယာကုမ္ပဏီများ အတွက် ပြန်လည်ကိုးကားအသုံးပြုနိုင်မည့်အချက်အလက်များ၊ အကြံပြုချက်များလည်း ပါဝင်သည်။ ဤအစီရင်ခံစာတွင် လေ့လာမှု ကန့်သတ်ချက်၊ လေးလတာအတွင်း ရေပန်းအစားဆုံးအကြောင်းအရာများ ကောက်နုတ်ချက်၊ အချက်အလက် စုဆောင်းမှုဆိုင်ရာ ကိန်းဂဏန်းပြဇယား၊ စစ်ကောင်စီဝါဒ ဖြန့်ချိရေး

အသိုင်းအဝိုင်းက အသုံးပြုနေသည့် စကားဝှက်များလေ့လာချက်နှင့် ဝါဒဖြန့်ချိမှုစစ်ဆင်ရေးအတွင်းက သတိထားဖွယ်ရာနည်းဗျူဟာများ စသည့် မြန်မာစစ်တပ်အတွက် ဝါဒဖြန့်နေသည့် အကောင့်များ၏ ကြမ်းကြုတ်ကောက်ကျစ်သော ခြေသံနှင့်ခြေလှမ်းများအဖြစ် နားစွင့်နိုင်ရန် ဖော်ပြလိုက်ပါသည်။

## လေ့လာမှုနည်းနာနှင့် ကန့်သတ်ချက်

ယခုအစီရင်ခံစာသည် The Red Flag အဖွဲ့၏ နေ့စဉ်စောင့်ကြည့် ရေးလုပ်ငန်းစဉ်ကို အခြေခံထားခြင်းဖြစ်ပြီး သိမ်းဆည်းထားသည့်အကြောင်းအရာစုစုပေါင်း ၁၁၂၄ ခုကို စိစစ် လေ့လာထားခြင်းဖြစ်သည်။ The Red Flag ၏ စောင့်ကြည့်ရေးလုပ်ငန်းစဉ်တွင် စစ်တပ်ထောက်ခံသည့် အကောင့်များပါဝင်သော်လည်း ဩဇာကြီးမား Channel များကိုသာ Telegram ပလက်ဖောင်းပေါ်တွင် အဓိက စောင့်ကြည့် လေ့လာထားခြင်းဖြစ်သည်။ ထို့ကြောင့် အခြား အကောင့်များ၊ ချန်နယ်များ၊ ပလက်ဖောင်းများပေါ်မှ ထူးခြားမှုများနှင့် ဖြန့်ဝေသည့် ပုံစံများကို အလုံးစုံလွှမ်းခြုံနိုင်ခြင်းရှိမည်မဟုတ်ပါ။ အချက်အလက် စုဆောင်းမှု ၁၁၂၄ ခု တွင်လည်း ဖမ်းဆီးရေး အကြောင်းအရာများမှ လွဲ၍ သတင်းတုသတင်းအမှားသံသဖြစ်ဖွယ် နှင့် အန္တရာယ်ဖြစ်နိုင်ခြေအများဆုံး ကိစ္စရပ်များကိုသာ ဦးတည်ကောက်ယူခဲ့သည့်အတွက် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ကိစ္စမှန်သမျှ ရာနှုန်းပြည့်လွှမ်းခြုံနိုင်မည် မဟုတ်ပေ။

## အပိုင်း (၂) ဘာသာရေး၊ လူမျိုးရေး အသောင်းကနင်းဆီ ဦးတည်ဖန်တီးနေခြင်း (ရေပန်းအစားဆုံးအကြောင်းအရာများ)

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ စစ်တပ်ထောက်ခံသည့် ဝါဒဖြန့်ချိသူများသည် ၁၀၂၇ စစ်ဆင်ရေးကို စတင်ခဲ့ပြီး စစ်ကောင်စီ၏ ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်စေခဲ့သည့် မြောက်ပိုင်းသုံးဖွဲ့[1]အား သတင်းအချက်အလက်ပိုင်းဆိုင်ရာအရ တိုက်ခိုက်ရန် အစွမ်းကုန်ကြိုးစားခဲ့ကြသည်။ ထို့ပြင် ရခိုင်ပြည်နယ်တွင် အင်အားကြီးမားနေကြောင်း ပြလာသည့် အာရက္ခတပ်တော် (AA)နှင့် ရခိုင်လူမျိုးများကို အခြားတိုင်ရင်းသားများနှင့် ရန်တိုက်ပေးသည့် ကိစ္စများ၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများနှင့် AA အကြား အမုန်းတရားကြီးထွားစေရန် စစ်တပ်ဝါဒဖြန့်ချိသူများက မြေပြင်နှင့်ချိတ်ဆက် ကြိုးကိုင်ချယ်လှယ်နေသည့် ကိစ္စများကိုလည်း ဖြန့်ဝေလျက်ရှိနေသည်။ တနိုင်ငံလုံးအတိုင်းအတာ အမျိုးသားအရေး အစွန်းရောက် အင်အားစုများ ချိတ်ဆက်မှုပိုမိုအားကောင်းလာပြီး နိုင်ငံရေး၊ စစ်ရေး ကိစ္စများတွင် စွက်ဖက်မှု ပိုမိုများပြားလာကာ အစ္စလာမ် ဘာသာဝင်များနှင့် ရခိုင်လူမျိုးများအပေါ် အမုန်းတရားပွားစေနိုင်မည့် အကြောင်းအရာများ၊ အပြောအဆိုများကို ဖန်တီးဖြန့်ဝေနေသည်မှာလည်း သတိထားဖွယ်ရာဖြစ်သည်။

ယခုအခန်းတွင် လေးလအတွင်း အရေးကြီးဆုံးသော ဖြစ်ရပ် သုံးခုကို မီးမောင်းထိုး တင်ပြထားပါသည်။ ယင်းဖြစ်ရပ်များသည် ရခိုင်-မွတ်ဆလင်-ရိုဟင်ဂျာ အရေးအခင်း၊ ယင်းအပြင် ကိုးကန့် အရေးအခင်းကို ဦးတည်မီးမွေးနေသည်ကို ထင်ရှားစွာ တွေ့ရသည်။




ပုံ ၂.၁ - ကိုးကန့်ဒေသတွင် ဘာသာရေး၊ လူမျိုးရေးလှုံ့ဆော် ဖြန့်ချိမှုပုံစံ

[1] မြောက်ပိုင်းသုံးဖွဲ့ဟု လူသိများသည့် TNLA၊ MNDAA နှင့် AA လက်နက်ကိုင်အဖွဲ့များ

## (က) ကိုးကန့်ဖြစ်စဉ်

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရေပန်းအစားဆုံးဖြစ်ရပ်မှာ ရှမ်းပြည်မြောက်ပိုင်း၊ ကိုးကန့်ဒေသတွင် MNDAA တပ်ဖွဲ့ဝင်များက စေတီတဆူကို တူဖြင့်ထုနေသည့် ရုပ်သံထွက်ပေါ်လာခဲ့သည့်ဖြစ်ရပ်ဖြစ်သည်။ ထိုဖြစ်ရပ်အတွက် ကိုးကန့်တပ် MNDAA က ပြုလုပ်ကြောင်း၊ တောင်းပန်ကြောင်း စာထုတ်ပြန်ဖြေရှင်းခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် ဘုရားပုံတူများကို ဖျက်ဆီးနေသည့် တရုတ်စာတန်းထိုး ရုပ်သံများစွာ ပေါ်ပေါက်လာခဲ့သည်။ ထိုအကြောင်းအရာများကို အခြေခံသည့် သတင်းတု၊ သတင်းမှားများစွာကို ဖြန့်ချိရုံသာမက လူမျိုးရေး၊ ဘာသာရေး အမုန်းတရားလှုံ့ဆော်မှုများကို ဆက်တိုက်ပြုလုပ်ခဲ့သည်။ မြေပြန့်တွင်ရှိသည့် ကိုးကန့်လူမျိုးများကို နှိမ်နှင်းရန်၊ ဘုံကျောင်းများကို ဖျက်ဆီးရန် အဖွဲ့ဖွဲ့စည်းသည်အထိ ဖြစ်ပွားခဲ့ပါသည်။




ပုံ ၂.၂ - ကိုးကန့်လူမျိုးများကို နေရပ်ပြန်ရန် ထုတ်ပြန်သည့်အဖွဲ့ပေါ်ပေါက်လာမှု

## (ခ) ရခိုင်ဖြစ်စဉ်

မတ်လနှင့် ဧပြီလအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသကို စစ်တပ်က ရခိုင်-ရိုဟင်ဂျာ လူမျိုးရေးပဋိပက္ခဖြစ်ပွားရေးဇုန်[2]အဖြစ် ရည်ရွယ်ချက်ရှိရှိပုံဖော်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

ရိုဟင်ဂျာလူမျိုးများကို AA က လူမျိုးတုန်းသတ်ဖြတ်၊ အကြမ်းဖက်နေသဖြင့် ရိုဟင်ဂျာများက မခံမရပ်နိုင်ဖြစ်သည်ဟုဆိုကာ ဆန္ဒထုတ်ဖော်ပွဲများ မတ်လအတွင်း ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။ ဧပြီလအတွင်း စစ်တပ်ဦးဆောင်ကြိုးကိုင်၍ မွတ်ဆလင်များပါဝင်သော[3] လူအုပ်က ဘူးသီးတောင်မြို့ပေါ်ရှိ ရုံးများ၊ အထူးသဖြင့် ရခိုင်တိုင်းရင်းသားအိမ်များစွာကို မီးရှို့ခဲ့ကြသည်။

ထို့ကြောင့် စစ်တပ်နှင့် AA ၏ စစ်ရေးလှုပ်ရှားမှုများ၊ အပြန်အလှန်စွပ်စွဲမှုများအကြား ရခိုင်ပြည်နယ် စစ်ပွဲများ၌ ရိုဟင်ဂျာလူမျိုးများစွာသေဆုံးခြင်း၊ ကျေးရွာများတွင် အသတ်ခံရမှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး အသက်ဆုံးရှုံး ပျက်စီးမှုများပြားနေသည်ကို လေ့လာတွေ့ရှိရသည်။

နောက်တစ်ခုမှာ ရခိုင်ကျောက်တော်ဖြစ်ရပ်ဖြစ်သည်။




ပုံ ၂.၃ - ရိုဟင်ဂျာများက AAကို ဆန္ဒပြသည့် ဖြစ်စဉ်အတွက် ဖြန့်ချိမှုပုံစံ

[2] ရခိုင်ပြည် ဘူးသီးတောင်၊ မောင်တောမှ လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်မှု ဖြစ်ရပ်တွေ့ရှိချက်များ

[3] ရခိုင်ဒေသတွင် AA ဆန့်ကျင်ရေးဆန္ဒပြပွဲများ စစ်ကောင်စီ စီစဉ်ဟု ဆို







ပုံ ၂.၄- ကျောက်တော်ရေယာဉ်ပစ်ခတ်ခံရမှုတွင် AA ကို အပြစ်သားအပြစ်ပုံဖော်ထားသည့် ဖြန့်ချိမှုပုံစံ

ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့အနီး စစ်တပ်ရေယာဉ်သုံးစီးအား အာရက္ခတပ်တော် (AA)က တိုက်ခိုက်မှုပြီးသည့်နောက် AA သည် စစ်တပ်မိသားစုဝင် ၉၀၀ နီးပါးကို လူမျိုးတုန်း သတ်ဖြတ်မှုကျူးလွန်ကြောင်း၊ အမျိုးသမီးများကို မုဒိမ်းကျင့်ကြောင်းစသည့် သတင်းတု၊ သတင်းမှားများကို စာသားများသာမက ရုပ်သံမှတ်တမ်းများဖြင့်ပါဆက်တိုက်ဖြန့်ချိခဲ့သည်။

ထူးခြားချက်မှာ ရေယာဉ်ပေါ်ပါလာသူများကို AA ကလိုက်လံကယ်ဆယ်သည့် ရုပ်သံများ၊ စစ်သုံးပန်းများအား ဆေးကုသပေးနေသည့် ရုပ်သံများကို ထုတ်ပြန်ပေးရုံသာမက သတင်းဌာနများက အချိန်နှင့် တပြေးညီရခိုင်သတင်းများကို တင်ဆက်ပေးခဲ့သည်။ နောက်ပိုင်းတွင် မြေပြင်နှင့်ချိတ်ဆက်ကာ ရခိုင်လူမျိုးမုန်းတီးရေး လှုံ့ဆော်၊ ဖြန့်ချိမှုများကို[4] မြို့ကြီးများတွင် ပြုလုပ်ခဲ့ခြင်း၊ ရခိုင်လူမျိုးများကို ခရီးသွားလာခွင့် ပိတ်ပင်ခြင်းများ ဆက်တိုက်ပေါ်ပေါ်လာခဲ့ပါသည်။

[4] စစ်ပွဲမှသည် လူမျိုးရေး သွေးထိုးလှုံ့ဆော်၊ အကြမ်းဖက်မှုဆီသို့ဦးတည်လာသည့် ရခိုင်ကျောက်တော်ကမ်ပိန်း




ပုံ ၂.၅ - ရခိုင်လူမျိုးမုန်းတီးရေး လှုံ့ဆော်စာများ မြို့ကြီးများတွင် ဖြန့်ဝေမှုပုံစံ

| | | |
|---|---|---|
| 01 | Feb (8- 14) | • ကျောက်တော်တွင် စစ်တပ်ရယာဉ်သုံးစီးအား AAပစ်ခတ်မှုအကြောင်းပြု၍ ရခိုင်လူမျိုး မုန်းတီးရေးစတင်လှုံ့ဆော်<br>• မြို့ကြီးများတွင် ရခိုင်လူမျိုးများကို အကြမ်းဖက်ရန်လှုံ့ဆော်၊ ခရီးသွားလာခွင့် ပိတ်ပင် |
| 02 | Feb - 15, 21 | • AAက ရေယာဉ်မှ လွတ်မြောက်လာသူများကို ကယ်ဆယ်၊ ဆေးကုသသည့် ရုပ်သံထုတ်ပြန်<br>• မောင်တောတွင် မွတ်ဆလင်အုပ်ချုပ်ရေးမှူး စတင်အသတ်ခံရ |
| 03 | March - 9, 14, 18 | • ရိုဟင်ဂျာ ဒုက္ခသည်စခန်းကို ဦးတည်သည့် တိုက်ခိုက်မှု၊ သတ်ဖြတ်မှု စစ်တပ်ကျူးလွန်ပြီး AAကို အပြစ်ပုံချ (မင်းပြား၊ အငူမော်၊ စစ်တွေ) |
| 04 | March - 19, 20 | • ဘူးသီးတောင်၊ မောင်တောတွင် ရိုဟင်ဂျာလူမျိုးများ AAကို ရှုံ့ချကြောင်း ဆန္ဒပြပွဲများ စတင် |
| 05 | April - 11- 18 | • ဘူးသီးတောင်တွင် ရိုဟင်ဂျာရွာများ စတင်မီးရှို့ခံရ၍ ရခိုင်ဒေသခံ အိမ်များ၊ရုံးများကို မီးရှို့မှုများ စတင်<br>• AAနှင့် ရိုဟင်ဂျာတပ်များ တိုက်ပွဲဖြစ်ပွား |

ပုံ ၂.၆ - ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်လာသည့် ထူးခြားအခြေအနေပြ နေ့ရက်များစုစည်းမှု

အထက်ဖော်ပြပါပုံကို ထောက်ရှုပါက ရခိုင်တွင် အရေးအခင်းတခုဆီသို့ ဦးတည်နေကြောင်း ထင်ရှားစွာ တွေ့ရသည်။ ယင်းဖြစ်ရပ်များကို မီဒီယာများ၊ ရိုဟင်ဂျာအရေး တက်ကြွလှုပ်ရှားသူများက အချိန်နှင့် တပြေးညီ သတိပေးနေသော်လည်း မြေပြင်တွင် လူမျိုးနှစ်မျိုးစု နှစ်ခုအကြား တင်းမာမှု အရှိန်မြင့် တက်နေဆဲဖြစ်သည်။ ယခင်ဖြစ်ပွားခဲ့သည့် ရခိုင်အရေးအခင်းများကဲ့သို့ပင် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးမှုကို ဖြစ်ပွားနိုင်ချေအလားအလာ အလွန်ပင်များနေပြီး စစ်တပ်၏ရည်ရွယ်ချက် အထမြောက်နိုင်ချေ ရှိသောကြောင့် အထူးသတိထားရန် လိုအပ်ပါသည်။ အသေးစိတ်ဖြစ်ရပ် လေ့လာချက်ကို ဤနေရာတွင်လည်း သွားရောက် လေ့လာနိုင်ပါသည်။

ရခိုင်ပြည်နယ်အပြင် လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ နေထိုင်ရာ ရန်ကုန်မြို့တွင်လည်း လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခကို ဦးတည်နေသည်။ အောက်ဖော်ပြပါ တောင်ဒဂုံ ဖြစ်ရပ်ကို လေ့လာနိုင်သည်။

## (ဂ) တောင်ဒဂုံ ဝတ်ပြုခန်း

ဖေဖော်ဝါရီလနှင့် မတ်လသည် အစ္စလာမ်ဘာသာဝင်များ၏ ဥပုသ်လဖြစ်သည့်အတွက် မြို့ကြီးများ တွင် လူမျိုးရေး၊ဘာသာရေး ပဋိပက္ခကို ဦးတည်လှုံ့ဆော်သည့် ဖြစ်စဉ်များ၊ သတင်းတု၊ သတင်းမှားဖြန့်ချိခြင်းများကို ပြုလုပ်ခဲ့သည်။ ထင်ရှားသည့် ဖြစ်ရပ်အချို့မှာ ဖြူးမြို့နယ်တွင် သမီးရည်းစား အချင်းများပြီး အသတ်ခံရမှုကို ဘာသာရေးလှုံ့ဆော်မှုအဖြစ် ပုံဖော်[5]ခြင်း၊ တောင်ဒဂုံရှိ ဝတ်ပြုခန်းအား ဗလီအဖြစ်ပုံဖော် ဖြန့်ချိခြင်း၊ မော်လမြိုင်တွင် ဘာသာရေးလှုံ့ဆော်မှုဖြစ်ရန် စိစစ်ခိုင်းစေခြင်းနှင့် သာကေတ တွင် လူငယ်ချင်းစကားများရန်ဖြစ်မှုကို "ကုလား-ဗမာအဓိကရုဏ်းဖြစ်စေရမည်" ဟူသော စကားလုံးများ သုံးစွဲ၍ လှုံ့ဆော်မှု တို့ဖြစ်ပါသည်။

ထူးခြားချက်အနေဖြင့် ထိုဖြစ်စဉ်လေးခုစလုံးတွင် ပေါက်ကိုယ်တော်ပါဝင်သည့် မျိုးချစ်မြန်မာ ရဟန်းတော်များ သမ္မဂ္ဂ(ရန်ကုန်) က မြေပြင်အထိချိတ်ဆက် ပါဝင်ဦးဆောင်ခဲ့ပြီး အွန်လိုင်းက တဆင့် ဖြန့်ချိမှုတွင် အမျိုးသားရေးအစွန်းရောက်သမား နောင်တော်လေး၏ မီဒီယာအမည်ခံချန်နယ် Myanmar National Post က အဓိက ဖြန့်ချိကြောင်း တွေ့ရှိရသည်။

---

[5] ဖြူးမြို့သမီးရည်းစားချိန်းတွေ့စဉ် အသတ်ခံရမှုမှသည် ဘာသာရေးပဋိပက္ခဆီသို့ဦးတည်လာခြင်း




ပုံ ၆.၅ - အစ္စလာမ်ဘာသာရေး အဓိကရုဏ်းဖြစ်စေရန် ဖြန့်ချိမှု နမူနာပုံစံများ

# အပိုင်း (၃) ဝါဒဖြန့်ချိမှုစစ်ဆင်ရေးနှင့် သတိထားဖွယ်ရာနည်းဗျူဟာ

စစ်ကောင်စီအတွက်ဝါဒဖြန့်ချိမှုစစ်ဆင်ရေး ဆောင်ရွက်ပေးနေသည့် Social Media Account အကောင့်များသည် နှစ်ဦးပိုင်းမှစတင်ကာ အကြောင်းအရာဖြန့်ဝေမှုပုံစံအသစ်များ ပြုလုပ်လာသည်။ ယခုအပိုင်းတွင် ချန်နယ်ထိန်းချုပ်သူ အရေအတွက်ဆိုင်ရာကိစ္စများ၊ နည်းပညာအခြေပြု ငွေကြေးရှာဖွေခြင်းနှင့် ဝါဒဖြန့်ချိခြင်း၊ စစ်မှုထမ်းသည့်ကိစ္စအတွက် ထူးခြားသည့် ဝါဒဖြန့်ချိရေးနည်းဗျူဟာများ အသုံးပြုနေခြင်း (သို့မဟုတ်) အသုံးပြုရန် စီစဉ်နေခြင်း၊ စစ်တပ်လော်ဘီများအနက် သြဇာကြီးမားသူများကို နေရာပိုပေးခြင်းနှင့် ခြိမ်းခြောက်ခြင်းများ၊ လူမျိုးဘာသာရေး လှုံ့ဆော်မှု အတွက် သီးသန့် Channel များ ဖွင့်လှစ်ခြင်း နှင့် Advocacy လုပ်ငန်းစဉ်ကို ခြိမ်းခြောက်ပြောဆိုနေသည့် ကိစ္စများ ပါဝင်မည်ဖြစ်သည်။

ယခုအခန်းတွင် (က) Telegram နှင့် Facebook ပေါ်မှ ထူးခြားထင်ရှားသော သက်သေများ၊ (ခ) YouTube နှင့် Tiktok ပေါ်မှ ထူးခြားထင်ရှားသော သက်သေများ၊ Youtube မှတဆင့် စစ်လော်ဘီများ ကြော်ငြာ ဝင်ငွေ ရနေခြင်းများ၊ စစ်လော်ဘီများကို စစ်တပ်က ပြန်ဖမ်းခြင်းများကို လေ့လာနိုင်ပါသည်။

## (က) Telegram နှင့် Facebook ပေါ်မှ ထူးခြားထင်ရှားသော သက်သေများ

မြန်မာနိုင်ငံတွင် လူသုံးအများဆုံး လူမှုကွန်ရက်တခု ဖြစ်သည့် Facebook နှင့် Telegram တို့ ပေါ်တွင် စစ်ကောင်စီအတွက်ဝါဒဖြန့်ပေးသည့် အကောင့်များ၏ နည်းဗျူဟာများကို ၂၀၂၄ ခုနှစ် ပထမ လေးလပတ်အတွင်း လေ့လာကြည့်ရာ ဘာသာစကားတိုးချဲ့မှု၊ မြေပြင်နှင့်တပ်တွင်းဝါဒဖြန့်ချိရေး အတွက် ပိုမိုအားစိုက်လာမှု၊ Channel နှင့် အကောင့်များ အချင်းချင်းချိတ်ဆက်မှုထူးခြားချက်များ၊ ဝါဒဖြန့်သူများ၏ မြေပြင်ဆင်းသက်လှုပ်ရှားမှုများ၊ Advocacy လုပ်ငန်းစဉ်ကို ခြိမ်းခြောက်နေသည့် ကိစ္စများ စသည်တို့ကို တွေ့ရပါသည်။ အခန်းခွဲစဉ် အလိုက် လေ့လာနိုင်ပါသည်။

### (က.က) ဘာသာစကားတိုးချဲ့မှု

►တရုတ်ဘာသာစကားကို မြန်မာဘာသာသို့ ပြန်ဆိုပြီး စစ်ကောင်စီကောင်းကြောင်း၊ တော်လှန်ရေးအင်အားစုများ မကောင်းကြောင်း ဖြန့်ဝေမှု ပိုမိုပြုလုပ်လာခြင်း

→https://t.me/kyawswar49111/4715




ပုံ ၃.၁ - Kyaw Swar Channel က လောက်ကိုင်သိမ်း၊ မသိမ်းကို မြန်မာ၊တရုတ် နှစ်ဘာသာဖြင့်ဖြန့်ဝေသည့် အထောက်အထား

►တရုတ်၊ မြန်မာ ၂ ဘာသာဖြင့် ရေးသားဖော်ပြနေသည့် စစ်ကောင်စီ ထောက်ခံအားပေး Telegram Channel များ ထွက်ပေါ်လာခြင်း

→https://t.me/asiannweschannel

→https://t.me/zhongguoxinwen888







ပုံ ၃.၂ - တရုတ်ဘာသာစကားဖြင့် သီးသန့် ဝါဒဖြန့်ရန်ဖွင့်လှစ်ထားသည့် Channel များ

►ဗမာစကားမပြောတတ်သည့် မွတ်ဆလင်တစ်ဦးကို AA က ဖမ်းဆီးပြီး စစ်တပ်ဝတ်စုံဝတ်ပေးကာ နှိပ်စက်ဟု စွပ်စွဲသည့် အကြောင်းအရာကို Voice of Muslim Channel က ဖြန့်ဝေခြင်း

→ဘင်္ဂလား ဘာသာစကားများနှင့်ပါ ရေးသားဖော်ပြနေခြင်း

→https://t.me/voiceofmuslim2024/16







ပုံ ၃.၃ - အစ္စလာမ်ဘာသာဝင်များဘက်က ရပ်တည်သည့် အသွင်ယူပြီး လူမျိုးရေးဘာသာရေးအဓိကရုဏ်းဖြစ်စေရန် လှုံ့ဆော်နေသည့် Channel

## (က.ခ) မြေပြင်နှင့်ချိတ်ဆက်နေသည့် တပ်တွင်းဝါဒဖြန့်ချိရေး

၆.၁.၂၀၂၄
တောင်ပေါ်ဒေသမှာ
ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်နေကြတဲ့
အရာရှိ စစ်သည်များအတွက်
ကျွန်တော်နဲ့စေတနာရှင်မိတ်ဆွေများက
(ဒုတိယအကြိမ်) ပေးပို့လိုက်တဲ့
အနွေးထည်များရောက်ရှိပြီဖြစ်ပါတယ်
အဲ့ဒီအနွေးထည်များထဲမှာ
တပ်မတော်ချစ်တဲ့မိဘပြည်သူများ
ရေးသားပေးပို့သော
အားပေးစကား
မေတ္တာစာများလည်းပါရှိပါတယ်
ရှေ့တန်းစစ်သည်များဖတ်ရှုရလို့
ဝမ်းသာပီတိဖြစ်ကြပါတယ်
Fighting
နွေးထွေးကြပါစေ
ဘေးကင်းကြပါစေ

Maj NNT
t.me/BABANYUNT6/7584 45.5K Jan 6 at 13:28

ပုံ ၃.၄ - စစ်တပ်လော်ဘီ Telegram Channel များက post များကို Screenshot ရိုက်ယူ Print ထုတ်ပြီး ရှေ့တန်းရှိ စစ်ကောင်စီလက်နက်များထံပေးပို့ သည့် အထောက်အထား

►စစ်ကောင်စီ၏ ရှေ့တန်းရောက်စစ်သားများအား ထောက်ပံ့သည့် အနွေးထည်များထဲတွင် ဝါဒဖြန့်Telegram Channel များရှိ အကြောင်းအရာများကို Screenshot ရိုက်ယူ Print ထုတ် ပြီး ထည့်သွင်းပို့ဆောင်ခြင်း

→https://t.me/BABANYUNT6/7584

►စစ်မှုထမ်း သင်တန်းသားများအား Social Media အသုံးပြုခွင့်ပေးသင့်ကြောင်း၊ သို့မှသာ စစ်မှုထမ်းအကြောင်း ပိုမိုပျံ့နှံ့မည်ဟု အကြံပြုခြင်း

→Tiktok နှင့် Facebook ကို အသုံးပြုသင့်သည့် ပလက်ဖောင်းအဖြစ်ထည့်သွင်းဖော်ပြထားခြင်း

→https://t.me/BABANYUNT6/10303

►စစ်မှုထမ်းဆင့်ခေါ် ခံရသူများ ပျော်ရွှင်နေသည့်ပုံစံ ဖန်တီး ရိုက်ကူးထားသည့် Snap ပုံများ ဖြန့်ဝေခြင်း

→https://t.me/BABANYUNT6/10283

→ပြည်သူများကစစ်မှုထမ်းရန် လိုလိုလားလားဆန္ဒပြုသည့်ပုံစံ ဖန်တီးထားသည့် Comment များနှင့် Direct Message Screenshot များဖြန့်ဝေခြင်း

→https://t.me/BABANYUNT6/10295

→စစ်မှုထမ်းသူများနှင့်ပတ်သက်၍ ဝါဒဖြန့်နိုင်ရန် သီးသန့် Channel များလည်း ဖန်တီးဖွင့်လှစ်ခြင်း

→https://t.me/pyithusitt

→https://t.me/pyithutharkaung

→https://www.facebook.com/61557711576646

ပုံ ၃.၅ - အဓမ္မစစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ဝါဒဖြန့်နိုင်ရန် သီးသန့် ဖွင့်လှစ်ထားသည့် Telegram Channel များ

## (က.ဂ) Channel Admin များအချင်းချင်း ချိတ်ဆက်မှုထူးခြားချက်




ပုံ ၃.၆ - ဝါဒဖြန့်သူများအချင်းချင်း ရန်ဖြစ်နေသည့်ပုံစံဟန်ဆောင်၍ Channel အချင်းချင်းကြော်ငြာပေးခြင်း

►အချင်းချင်းကြားရန်ဖြစ်အငြင်းပွားသောကြောင့် ဆဲဆိုသည့်ပုံစံဖြင့် telegram channel ကြော်ငြာသည့် Content များ ဖန်တီးဖြန့်ဝေခြင်း

→https://t.me/kothetjournalist9999/61850

►ဟန်ငြိမ်းဦး ပင်မ Channel ကို ထိန်းချုပ်ကိုင်တွယ်နေသည့် Admin အကောင့်စုစုပေါင်း ၅ ခု ရှိနေ ခြင်းနှင့် ၎င်း၏ Mytel sim card သုံးထားသည့် Owner အကောင့်ပိတ်ခံရသဖြင့် Mytel ကို အပြစ်တင်ပြောဆိုခြင်း

→https://archive.is/Hyet8

အနက်ရောင်သေမင်းတမာန်အဖွဲ့

ရက်စွဲ - ၂၈/၃/၂၀၂၄

အကြောင်းအရာ။ ။သတိပေးထုတ်ပြန်ကြေညာခြင်း။

၁။ နတ်တလင်းပြည်သူကာကွယ်ရေး အကြမ်းဖက်တပ်ဖွဲ့အနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေသာ နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ နှင့် အပြစ်မဲ့အရပ်သားပြည်သူများအား လက်နက်အားကိုး အကြောင်းအမျိုးမျိုးပြ၍ “ဒလန်”ဟု စွပ်စွဲကာ သတ်ဖြတ်မည့် ထုတ်ပြန်ချက်အား ကျွန်ုပ်တို့ အနက်ရောင်သေမင်းတမန်အဖွဲ့မှ ကြားသိရပြီး ဖြစ်ပါသည်။

၂။ ထိုကဲ့သို့ လက်နက်မဲ့ အပြစ်မဲ့ပြည်သူများအား နတ်တလင်းပြည်သူကာကွယ်ရေး အကြမ်းဖက်တပ်ဖွဲ့အနေဖြင့် လက်နက်အားကိုး၍ မတရားသဖြင့် အနိုင်ကျင့်သတ်ဖြတ်မှုများ ကျူးလွန်ပါက ကျူးလွန်မှုတွင် ပါဝင်ပတ်သက်သည့်သူများ၏ မိသားစုဝင်များနှင့် NLDပါတီ အဖွဲ့ဝင်များအား ကျွန်ုပ်တို့ အနက်ရောင်သေမင်းတမာန်အဖွဲ့မှ ထိရောက်စွာ တန်ပြန်အပြစ်ပေးချေမှုန်းသွားမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

အနက်ရောင်သေမင်းတမာန်အဖွဲ့

ဗိုလ်လရောင်



ဖြစ်သင့်တာကြာပါပြီ။
နေရာဒေသတိုင်းမှာ အပြိန်အလှန် ထိန်းကြောင်းမှု
ရှိနေဖို့ လိုအပ်ပါတယ်။

ပဒက် က လက်နက်မဲ့ ပြည်သူ
တစ်ဦးတစ်ယောက်ကို သတ်ရင် အဲ့ဒီ သတ်ဖြတ်သော ပဒက်ကို
ရအောင်စုံစမ်း သူ့ဆွေဇင်မျိုးဆက် ဇယားကိုယူ သူ မိဘ ဆွေမျိုး
ပက်သက်သူမှန်သမျှကို လက်စားချေ ပြန်သတ်
ဒီလို အပြိန်အလှန်ထိန်းကြောင်းသော စနစ်က ဥပဒေ နဲ့
တော့ မညီဘူး ၊ ဒါပေမဲ့ ဒီနည်းနဲ့ပဲ ပြည်သူကိုကာကွယ်ပေးနိုင်မှာဖြစ်
လို့ လုပ်သင့်လုပ်ထိုက်သော ပြည်သူကိုကာကွယ်ပေးသော စနစ်ပါပဲ။

ဗိုလ်လရောင်ဦးဆောင်သည့်
အနက်ရောင်သေမင်းတမာန်အဖွဲ့ထုတ်ပြန်ချက်။

နေပြည်တော်

https://t.me/kyawswar49111
t.me/kyawswar49111/8479 51.2K edited Mar 29 at 23:19

ပုံ ၃.၇ - အနက်ရောင်သေမင်းတမန်အဖွဲ့၏ ကြေငြာချက်ကို ကျော်စွာက မိတ်ဆက်ဖြန့်ဝေပေးခဲ့သည့် အထောက်အထား

►တော်လှန်ရေးအင်အားစုများကို ရှင်းလင်းသုတ်သင်မည့် အနက်ရောင်သေမင်းတမန်အဖွဲ့ ပေါ်ပေါက်လာခြင်း

→ကနဦးလေ့လာချက်အရ Kyaw Swar channel က စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး သွေးသောက်အဖွဲ့ စတင်ပေါ်ပေါက်ခဲ့စဉ်ကလည်း Kyaw Swar channel က အစောဆုံး မိတ်ဆက်ခဲ့ဖူးသကဲ့သို့ ၎င်းကိုယ်တိုင် သွေးသောက် Telegram Channel ကို ပူးတွဲ ထိန်းချုပ်ခဲ့ဖူးသည်။

→https://t.me/kyawswar49111/8479, https://t.me/kyawswar49111/8568

→ အနက်ရောင်သေမင်းတမန်အဖွဲ့သည် ပြည်သူများအား တော်လှန်ရေးထောက်ခံသူ၊ လူသတ်အကြမ်းဖက်မှုများ ကျူးလွန်သူများဟု စွပ်စွဲ၍ မြေပြင်တွင် အမှန်တကယ် ရှင်းလင်းသုတ်သင်သည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။

→ https://t.me/aung4661/38617

►Telegram ၏ update feature များကို စစ်တပ်လော်ဘီများ မျက်ချေမပြတ်စောင့်ကြည့်လျက်ရှိနေခြင်း၊

→https://t.me/kothetjournalist/61395

## (က.ဃ) ဝါဒဖြန့်သူများ မြေပြင်အထိဆင်းသက်လှုပ်ရှားမှု

►ကျော်စွာ ဦးဆောင်ပြီး တည်ထောင်ထားသည့် PAN မီဒီယာအမည်ခံဌာန မြဝတီမြို့(စစ်ပွဲဖြစ်ပွားရာဒေသ) အထိ ပါ သွားရောက်ပြီး သတင်းတင်ဆက်ခြင်းများပြုလုပ်ခဲ့ခြင်း၊

→https://t.me/positiveanglenews/21898

►စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် ဝါဒဖြန့် ရုပ်ရှင်ဇာတ်လမ်းထုတ်ဝေ ဖြန့်ချိ၊ စစ်တပ်လော်ဘီ သဇင်ဦး ပါဝင် သရုပ်ဆောင်ထားခြင်း၊

→https://t.me/Thazinoo969/16873

►ရုရှားနိုင်ငံနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ခုတွင် စစ်တပ်လော်ဘီ၊ ကျောက်ဆည် USDP ပါတီစည်းရုံးရေးတာဝန်ခံဟောင်း သဇင်ဦး ပါဝင်လာခြင်း။

→https://t.me/Thazinoo969/17121

## (က.င) Advocacy လုပ်ငန်းစဉ်ကိုခြိမ်းခြောက်နေသည့် အကြောင်းအရာများ

►တော်လှန်ရေးအင်အားစုများ ကျဆုံးခြင်းနှင့် ပတ်သက်သည့် သတင်းပုံရိပ်များအား Facebook team က Reach ကျအောင် တမင်လုပ်ထားပြီး စစ်တပ်ဘက်က အကျအဆုံးများသည်ဟု ထင်ရစေရန် ပြုလုပ်နေခြင်းဖြစ်သည် ဟု ဖြန့်ဝေခြင်း၊

→အကြောင်းအရာဖြုတ်ချသည့် လုပ်ငန်းစဉ်တွင် မြန်မာဘာသာစကားကျွမ်းကျင်သူများပါဝင်ပြီး အပတ်စဉ် သောကြာနေ့တိုင်းဖြုတ်ချနေသည်ဟု ဆို၊

→https://t.me/combatnews7723/2860



ပုံ ၃.၈ - Facebook ၏ အကြောင်းအရာဖယ်ရှားမှုနောက်ကွယ်တွင် မြန်မာများပါဝင်မှု ရှိသည်ဟု ယူဆချက်များ နှင့် တန်ပြန်စောင့်ကြည့် တုန့်ပြန်ရန် ပြောဆိုမှု

►စစ်တပ်ထောက်ခံသူများ၏ Facebook အကောင့်များဖြုတ်ချခံနေရခြင်း၏ နောက်ကွယ်တွင် မြန်မာလူမျိုးများ ပါဝင်စောင့်ကြည့်နေခြင်းရှိသည် ကောက်ချက်များဆွဲလာခြင်း။

→https://t.me/kothetjournalist9999/64542

## ခ) Youtube နှင့် Tiktok ပေါ်မှ ထူးခြားထင်ရှားသက်သေများ

Youtube နှင့် Tiktok ပလက်ဖောင်းများ ထူးခြားချက်အနေဖြင့် မတ်လအတွင်း လူမျိုးရေး ဘာသာရေး အဓိကရုဏ်းဖြစ်ပေါ်စေရန်၊ ပဋိပက္ခဖြစ်ပေါ်စေရန်ရည်ရွယ်ပြီး အစ္စလာမ်ဘာသာနှင့်ပတ်သက်ပြီး လူမျိုးရေးဘာသာရေးအရ လှုံ့ဆော်မှု လေးကြိမ်ဖြစ်ပွားခဲ့ပြီး ယင်းလေးကြိမ်လုံးတွင် မဘသ ဘုန်းကြီးများနှင့် သတင်းမီဒီယာအဖြစ် အသွင်ယူထားသော Myanmar National Post က အဓိက ပါဝင်ပတ်သက် ဦးဆောင်ခဲ့ကြသည်။

### (ခ.က) ဖြစ်ရပ်သက်သေများ

၁။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ လအတွင်းဖြူးမြို့မှ မခြုံးခက်နွယ်အသတ်ခံရမှုနှင့်ပတ်သက်ပြီး ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်အနီးတွင် လည်လှီးသတ်ပြီး ဘာသာရေးအဓိကရုဏ်းဖြစ်စေရန် မွတ်စလင်များဘက်မှ ဖန်တီးလာသည်ကို ရန်ကုန်မျိုးချစ်ရဟန်းတော်များ သမဂ္ဂမှ အချိန်မီဝင်ရောက်တားဆီးနိုင်ခဲ့သည့် အတွက်

ဘာသာရေး အဓိကရုဏ်းဖြစ်ခြင်းမှ ကာကွယ်တားဆီးနိုင်ခဲ့သည်ဟု ပေါက်ကိုယ်တော်က ဝါဒဖြန့်ပြောဆိုခဲ့သည်။ ယင်းဗီဒီယိုဖိုင်ကို MNP တံဆိပ်ဖြင့် နောင်တော်လေးမှ စတင်ဖြန့်ဝေခဲ့ပြီး အမျိုးသားရေး ဘုန်းကြီး များဖြစ်သည့် မွန်ပြည်နယ်မှ ဇော်ပုံဆရာတော်က Youtube ပေါ်တွင် မတ်လအတွင်း ထပ်ဆင့်ပြန်လည် ဖြန့်ဝေခဲ့သည်။

၂။ အလားတူ တောင်ဒဂုံနေအိမ်ကို ဗလီအဖြစ်အသုံးပြုမှုကိစ္စတွင်လည်း ဦးသုစိတ္တဦးဆောင်သော မျိုးချစ်ရဟန်းတော်များသမဂ္ဂက ရပ်ကွက်အာဏာပိုင်များကို ဖိအားပေးပြီး တရားမဝင်ဗလီ အဖြစ် လုပ်ဆောင်နေသည်ဟုဆိုကာ လှုံ့ဆော်ခဲ့သည်။ ယင်းဖြစ်ရပ်တွင်လည်း နောင်တော်လေးက ရန်ကုန်မျိုးချစ်ရဟန်းတော်များ သမဂ္ဂမှသုစိတ္တကို အင်တာဗျူး လိုရာဆွဲမေးပြီး ဖြန့်ဝေခဲ့သည်။ ယင်း ဗီဒီယိုဖိုင်ကိုလည်း Tik Tok နှင့် Youtube တို့တွင် ထပ်ဆင့်ဖြန့်ဝေခဲ့ကြသည်။

၃။ မော်လမြိုင်မြို့ ချောင်းဆုံဗလီအတွင်း၌ မတ်လ ၁၄ ရက်နေ့တွင် ကိုရင်ကြီးတပါးက အစ္စလာမ် ဘာသာရေးနှင့် ပတ်သက်သည့် စာများကို ရွတ်ဆိုခဲ့သည့်ဖြစ်စဉ်တွင်လည်း Myanmar national Post မှ နောင်တော်လေးက ပေါက်ကိုယ်တော်နှင့် ဇော်ပုံဆရာတော်ကို အင်တာဗျူးမေးမြန်းပြီး ဖြန့်ဝေခဲ့သည်။ ယင်း ဗီဒီယိုဖိုင် များကိုလည်း Tik Tok နှင့် Youtube တို့တွင် ထပ်ဆင့်ဖြန့်ဝေခဲ့ကြသည်။

၄။ မတ်လ ၂၀ရက်နေ့တွင် သာကေတ နွယ်အေးဗလီရှေ့တွင် လူငယ်ချင်းရန်ဖြစ်သည့်ဖြစ်စဉ်နှင့်ပတ်သက် ပြီး လူမျိုးရေး ဘာသာရေးပြဿနာပေါ်ပေါက်စေရန် မီးမွှေး ကြိုးစားအားထုတ်ရှိခဲ့သည်။ ယင်းတွင် MNP မှ နောင်တော်လေးအဓိကပါဝင်ပတ်သက်ခဲ့ပြီး အမျိုးသားရေးဘုန်းကြီးများနှင့် အင်တာဗျူးမေးမြန်း ထုတ်လွှင့်ကာ Youtube နှင့် Tiktok တို့တွင် ဖြန့်ဝေခဲ့ကြသည်။

### (ခ.ခ) Amplifying (ထပ်ဆင့် ဖြန့်ဝေခြင်း)

စစ်တပ်လော်ဘီများနှင့် မဘသ ဘုန်းကြီးများ၏ ဝါဒဖြန့်ချိမှုများနှင့် လှုံ့ဆော်မှုများကို ၎င်းတို့ အချင်းချင်း ပြန်လည် ထပ်ဆင့် မျှဝေပြီး လူအများဆီရောက်အောင်လုပ်ဆောင်မှုများတွင် Youtube ပေါ်တွင် ငွေရှာသည့် ချယ်နယ်များမှလည်း ပါဝင်ဖြန့်ဖြူးခဲ့ကြသည်ကိုတွေ့ရသည်။ ယင်းချယ်နယ်များ သည် ပေါက်ကိုယ်တော်၊ စစ်တပ်လော်ဘီများမှ ဖြန့်ဝေသည့် အကြောင်းအရာများကို Reaction ပြုလုပ်ပြီး ပြန်လည်တင်ဆက်လေ့ရှိရာ ယင်း Content များမှာ အများပြည်သူဆီသို့ မတူညီသည့် ပုံစံဖြင့် ထပ်မံ ရောက်ရှိနေကြသည်ကိုတွေ့ရသည်။

ပုံ ၃.၉ - Youtube ပေါ်တွင် ငွေရှာသည့်ချယ်နယ်တစ်ခုက
အန္တရာယ်ရှိသောအကြောင်းအရာများကိုထပ်ဆင့်ပြန်ပြီး Reaction ပြုလုပ်နေသည့်
သက်သေအထောက်အထား

Youtube နှင့် Tik Tok ပေါ်တွင် လူမျိုးရေးဘာသာရေးနှင့်ပတ်သက်ပြီး လှုံ့ဆော်သည့် ဇာတ်ကြောင်းများကို တင်ခဲ့ကြသည့်အကောင့်များသည် အကြောင်းအရာ တစ်ခုတည်းကို ထပ်ဆင့်ပြန်လည်မျှဝေသည့် နည်းလမ်းများကိုတွင်တွင်ကျယ်ကျယ်အသုံးပြုခဲ့ကြသည်ကိုတွေ့ရသည်။

သက်သေများအနေဖြင့် ချောင်းဆုံ ဗလီကိစ္စ၊ တောင်ဒဂုံနေအိမ်ဖြစ်စဉ်နှင့်နွယ်အေးဗလီရှေ့ရန်ပွဲဖြစ်စဉ် များကို နောင်တော်လေးဦးဆောင်သည့် MNPမှ အမျိုးသားရေးအစွန်းရောက်ဘုန်းကြီးများဖြစ်သည့် ပေါက်ကိုယ်တော်၊ သုစိတ္တ၊ ဇော်ပုံဆရာတော် စသည့်ဘုန်းကြီးများကို အင်တာဗျူးပြုလုပ်ပြီး ဗီဒီယိုဖိုင်များကို Tiktok ပေါ်တွင် ဖြန့်ဝေခဲ့သည်။ ယင်း ဗီဒီယိုဖိုင်များကို ပေါက်ကိုယ်တော်၊ သုစိတ္တ၊ ဇော်ပုံဆရာတော်၊ နောင်တော်လေး၊ ကိုသက်၊ Aye Lay စသည့်အကောင့်များက ထပ်ဆင့်ပြန်တင် ပြီး ဖြန့်ဝေခဲ့ကြခြင်းဖြစ်သည်။

## (ဂ) ဝါဒလည်းဖြန့်ရ ဝမ်းလည်းဝ

သေးငယ်ကောင်း သေးငယ်နိုင်သော်လည်း သတိထားရမည်။ စစ်တပ်လော်ဘီချယ်နယ်တချို့သည် Youtube တွင် Monetization Program မှဝင်ငွေရရှိနေသည်ဟု ယူဆဖွယ်ရာ အထောက်အထားများကို တွေ့ရှိရခြင်းမှာ များစွာ သတိထားဖွယ်ရာဖြစ်သည်။ စစ်လော်ဘီချယ်နယ်တခုဖြစ်သည့် Ko Thet ချန်နယ် နှင့် Ko Maung Maung ချယ်နယ်တွင် ကြော်ငြာများတက်နေသည်။ ယင်းကဲ့သို့စစ်ကောင်စီ နှင့်ပတ်သက်သည့် အကြောင်းအရာများကိုဖြန့်ဝေပြီး Youtube မှ ပိုက်ဆံထောက်ပံ့ပေးနေသည်ဆိုပါက စစ်ကောင်စီကို

ပိတ်ဆို့အရေးယူထားသည်ဆိုသည့် Youtube ၏ အကြောင်းအရာလျှော့ချမှု၊ အရေးယူ ပိတ်ဆို့မှုတို့ ပေါ်တွင် မေးခွန်းထုတ်စရာဖြစ်နေသည်။ YouTube အာဏာပိုင်များကို အရေးတကြီး ဆက်သွယ်အသိပေးသင့်သည့် ကိစ္စလည်း ဖြစ်သည်။




ပုံ ၃.၁၀ - စစ်တပ်လော်ဘီချယ်နယ်များဖြစ်သည့် Ko Thet နှင့် Ko Maung Maung Youtube ချယ်နယ်များတွင် ကြော်ငြာများတက်နေသည့် သက်သေအထောက်အထား




ပုံ ၃.၁၀ - ယင်းချန်နယ်များသည် Monetization Program အတွက် အဆင်သင့်ဖြစ်နေသည့် အခြေအနေ (သို့မဟုတ်) လက်ရှိ Monetize လုပ်နေသည်ဟု ယူဆ ရသည့် အထောက်အထား

ငွေကြေးစတင်ရရှိနေပြီဟု ခန့်မှန်းနိုင်သော Channel နှစ်ခုကို အောက်ပါ Link များတွင် သွားရောက် လေ့လာနိုင်ပါသည်။

၁။ Ko Thet

၂။ Ko Maung Maung

အခြားနည်းဖြင့် ငွေကြေးရှာဖွေနေသော အကောင့်များကိုလည်း တွေ့ရသည်။

ထို့ပြင် Ko Thet ကိုထိန်းချုပ်ထားသည့် အဖွဲ့သည် google application တွင် App တစ်ခု ဖန်တီးကာ ဝါဒဖြန့်ချိရေး၊ ငွေကြေးရှာဖွေရေးတို့အတွက် အတွက်က စည်းချက်ညီစွာအသုံးပြုလျက်ရှိနေသည်။ အဆိုပါ App အသုံးပြုသူများအနေဖြင့် Point ၁၀၀ ပြည့်ပါက ဖုန်းဘေလ် ရမည်ဟု လူသုံးများစေရန်အတွက် ဆွဲဆောင်ထားသည်။ ထို့ပြင် စစ်ကောင်စီဝါဒဖြန့် Channel များမှ တစ်ဆင့် စစ်ကောင်စီ တပ်ရင်းများအတွက် အလှူခံခြင်းလုပ်ငန်းစဉ်ကို လည်း မကြာခဏ လုပ်ဆောင်လျက်ရှိနေသည်။

►စစ်ကောင်စီ ၏ ခလရ ၇၃ အတွက် လော်ဘီချုန်နယ်များက ပြောင်ပြောင်တင်းတင်း အလှူခံခြင်း

→ https://t.me/kyawswar49111/6850

►Ko Thet ဖုန်း Application ကိုအသုံးပြုပြီး Point ၁၀၀ ပြည့်ပါက ဖုန်းဘေ ရမည်ဟု နည်းလမ်းအသစ်ဖြင့် ဝါဒဖြန့်ချိရေးပလက်ဖောင်းကို စွဲဆောင်ခြင်း

→https://t.me/kothetjournalist/61006

## (ဃ) စစ်တပ်ထောက်ခံသည့်ဝါဒဖြန့်ချိသူများကို စစ်တပ်ကပြန်ဖမ်းခြင်း

လေးလတာအတွင်း လူသိများထင်ရှားသည့် စစ်တပ်ထောက်ခံသူ ပေါက်ကိုယ်တော်၊ ကျော်စိုးဦး၊ ကျော်မျိုးမင်းနှင့် နောင်တော်လေးတို့ကို စစ်တပ်က ဖမ်းဆီးစစ်ဆေးသည့် ကိစ္စရပ်များ ဖြစ်ပွားခဲ့ပြီး ပြန်လည်လွတ်မြောက်လာမှုများ ရှိသည်။ ပေါက်ကိုယ်တော်သည် စစ်ခေါင်းဆောင် မင်းအောင်လှိုင်ကို ရာထူးမှ ဆင်းရန် သွယ်ဝိုက်ပြောဆို[6]ခဲ့ပြီး အမျိုးသားရေးအစွန်းရောက်များကလည်း ယင်းကိစ္စအပေါ် အင်တိုက်အားတိုက် ထောက်ခံမှု ပြုလုပ်ခဲ့သည့်အတွက် နာရီပိုင်းခေါ်ယူ စစ်ဆေးခံခဲ့ရသည်။ ထို့အတူ မီဒီယာ အမည်ခံများဖြစ်သည့် NP news မှ ကျော်မျိုးမင်း၊ Myanmar National Post မှ နောင်တော်လေးနှင့် People Media မှ ကျော်စိုးဦး တို့က စစ်ကောင်စီ၏ တိုက်ရည်ခိုက်ရည်နိမ့်ကျမှု၊ အုပ်ချုပ်ရေး စီမံခန့်ခွဲမှုအပေါ်တွင် မေးခွန်းထုတ် ဝေဖန်ခဲ့သည့်အတွက် ခေါ်ယူဖမ်းဆီးခံခဲ့ရသည်။ သို့ရာတွင် ကြာရှည် ဖမ်းဆီး ထားနိုင်ခြင်းမရှိဘဲ စစ်ကောင်စီက ပြန်လွှတ်ပေးခဲ့သည်။

6 https://www.bbc.com/burmese/articles/c3gygpl7rlgo







ပုံ ၃.၁၁ - စစ်တပ်ဝါဒဖြန့်ချိသူများ ကိုစစ်တပ်က ပြန်ဖမ်းသည့်ဖြစ်စဉ်များနှင့်ပတ်သက်သည့် အထောက်အထားများ

ထိုသို့ ဖမ်းဆီး၊ လွတ်မြောက် ဖြစ်စဉ်များ၏ နောက်ကွယ် တွင် ဖမ်းဆီးခံရသူများ၏ ပုံရိပ်ကို ပို၍ ကြီးမားလာစေရန်၊ လူသိများလာစေရန် ရည်ရွယ်ချက်ဖြင့် ဖမ်းဆီးခဲ့ခြင်းလည်း ဖြစ်နိုင်ချေရှိသည်။ ထို့ပြင် တနှစ်ဝန်းကျင် ဖမ်းဆီးခံထားရသည့် စစ်တပ်အမာခံဝါဒဖြန့်သူ မျိုးဝင်း သည်လည်း ဇန်နဝါရီ ၄ ရက်တွင် စစ်ကောင်စီ၏ လွတ်ငြိမ်းဖြင့် ပြန်လည်လွတ်မြောက်လာသည်ဟု လော်ဘီများက ဖော်ပြချက်အရ သိရသည်။

လက်ရှိ အချိန်တွင် ပြည်တွင်း ပြည်ပ အမျိုးသားရေးအစွန်းရောက်အစုအဖွဲ့ များ ပိုမိုချိတ်ဆက် လုပ်ဆောင်နေပြီး ဘာသာရေးအဓိကရုဏ်း ဖြစ်စေရန် ကြိုးပမ်းမှုများနှင့် စစ်ကောင်စီ၏စီမံခန့်ခွဲမှုအပေါ် ပြင်းပြင်းထန်ထန်ဝေဖန်နေသည့် ကိစ္စရပ်များကို မကြာခဏ ဆိုသလို တွေ့မြင်လာရသည်။ မြေပြင် တွင်လည်း အမျိုးသားရေးအစွန်းရောက်အင်အားစုများ စုစည်းတွေ့ဆုံလေ့ရှိသည့် အထောက်အထားများ ရှိနေသည်။




ပုံ ၃.၁၂ - အမျိုးသားရေးအစွန်းရောက်အဖွဲ့များ ချိတ်ဆက်တွေ့ဆုံသည့် သက်သေအထောက်အထားများ

## အပိုင်း (၄)    အချက်အလက် ကိန်းဂဏန်းပြရုပ်ပုံများ

၂၀၂၄ ခုနှစ် ပထမ ၄ လတာအတွင်း The Red Flag ၏ အချက်အလက်စုဆောင်းမှုတွင် Telegram, Facebook, Tiktok, Youtube ပလက်ဖောင်းများတွင်တွေ့ရသည့် အန္တရာယ်ဖြစ်စေနိုင်သော အကြောင်းအရာ၊ သတင်းအမှား သံသယဖြစ်ဖွယ် အကြောင်းအရာနှင့်၊ ကိုးကားရန် သက်သေအထောက်အထား စသည့် အကြောင်းအရာ စုစုပေါင်း ၁၁၂၄ ခု သိမ်းဆည်းနိုင်ခဲ့ပါသည်။ ယင်းတို့ကို အခြေခံ၍ အန္တရာယ်ဖြစ်နိုင်မှု အခြေအနေ၊ အကြောင်းအရာအမျိုးအစား (Category)၊ ဆက်နွယ်သည့်ကိစ္စ (Issue)၊ ပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ (Target) ဟူ၍ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်ပြဇယားလေးခုကို စိစစ်လေ့လာထားသည်။




ပုံ ၄.၁ - အန္တရာယ်ဖြစ်နေနိုင်သည့် အခြေအနေ(Risk Level)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

Risk Level ကို ပြထားသည့် ရုပ်ပုံတွင် အမည်းရောင်အဆင့်(Extreme)၊ အနီရောင်အဆင့်(High)၊ လိမ္မော်ရောင်အဆင့် (Medium)၊ အဝါရောင်အဆင့်(Low) နှင့် အစိမ်းရောင်အဆင့် (None)တို့ပါဝင်သည်။

- အမည်းရောင် အဆင့် တွင် ကိုယ်ထိလက်ရောက်ကျူးလွန်သည့်ဖြစ်စဉ်၊သုတ်သင်ရန်အတွက် ခြိမ်းခြောက်သည့်ဖြစ်စဉ်များပါဝင်သည်၊
- အနီရောင်အဆင့်တွင် ပြင်ပကမ္ဘာတွင် ဖမ်းဆီးရန်လှုံ့ဆော်ခြင်း၊ လူမျိုးရေးဘာသာရေး အဓိကရုဏ်းဖြစ်ရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် ကိစ္စ ရုပ်များပါဝင်သည်။

- အနီရောင်အဆင့်နှင့်အနက်ရောင်အဆင့်အခြေအနေတို့နှင့်ပတ်သက်၍ မိတ်ဖက်များထံသို့ Daily Alert ထဲတွင် ထည့်သွင်းအကြောင်းကြားပြီး အရေးပေါ်ဖြစ်စဉ် သတိပေးချက်များကို The Red Flag က ပေးပို့ခဲ့သည်။
- လိမ္မော်ရောင်အဆင့်တွင် ပြဿနာ ဖြစ်စေနိုင်သော်လည်း ပြင်ပကမ္ဘာအထိ သက်ရောက်ရန် ရာခိုင်နှုန်း အနည်းအကျဉ်းသာရှိသည့် ကိစ္စရပ်များ၊ ဆက်လက်သတိထား စောင့်ကြည့် ရန် ကိစ္စများပါဝင်သည်။
- အဝါရောင်နှင့် အစိမ်းရောင်တို့တွင် ပါဝင်သည့် အကြောင်းအရာများသည် ပြင်ပ ကမ္ဘာအထိ သက်ရောက်မှု တစုံတရာ မရှိသည့်ကိစ္စများဖြစ်ပြီး သုတေသန လုပ်ငန်းစဉ်နှင့် စောင့်ကြည့်ရေး၊ စုံစမ်းဖော်ထုတ်ရေးလုပ်ငန်းစဉ်တို့အတွက် သိမ်းဆည်းထားသည့် အကြောင်းအရာများဖြစ်သည်။




ပုံ ၄.၂ - အကြောင်းအရာအမျိုးအစား(Category)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

The Red Flag က သိမ်းဆည်းခဲ့သည့် အချက်အလက်များတွင် သတင်းအမှား သံသယဖြစ်ဖွယ် အကြောင်းအရာများ (Fact-Check)၊ အန္တရာယ်ရှိသော အကြောင်းအရာများ (Dangerous Trend)နှင့် သုတေသနအတွက်ကိုးကား အသုံးပြုရန်သိမ်းဆည်းသည့် သက်သေအထောက်အထားများ (Intel) စသည့် အမျိုးအစားသုံးခု ပါဝင်သည်။

- သတင်းအမှားအဖြစ်သံသယဖြစ်ဖွယ် အကြောင်းအရာ သိမ်းဆည်းနိုင်မှု ၆၃.၃ ရာခိုင်နှုန်း အထိ ရှိပြီး အချက်အလက်စုဆောင်းမှု၏ ထက်ဝက်ကျော်ကို နေရာယူထားပါသည်။ ထို သံသယဖြစ်ဖွယ် အကြောင်းအရာများကို အချက်အလက်စစ်ဆေးနိုင်ရန်အတွက် မိတ်ဖက်များထံသို့ နေ့စဉ်၊ အပတ်စဉ် ပေးပို့သည့် လုပ်ငန်းစဉ်လည်းရှိသည်။
- သတ်ဖြတ်မှု၊ဖမ်းဆီးမှု၊ လူမျိုးရေးဘာသာရေးမုန်းတီးမှုများ အား လှုံ့ဆော်သည့် အကြောင်းအရာ ၂၁.၆ ရာခိုင်နှုန်းသိမ်းဆည်း ထားသည်။ ယင်းတို့အနက် အချို့အကြောင်းအရာများသည် ပြည်သူများ ထိခိုက်မှု ဖြစ်စေရန် မြေပြင်အထိပါ လုပ်ဆောင်ခဲ့သည်တို့လည်း ရှိသည်။
- သုတေသနအတွက်ကိုးကားအသုံးပြုရန် သိမ်းဆည်း သည့် သက်သေ အထောက်အထားများ တွင် စုံစမ်းဖော်ထုတ်ရန် ကိစ္စများ၊ စစ်တပ်လော်ဘီအချင်းချင်း အချင်းများသည့် ကိစ္စ များ၊ ရေပန်းစားအကြောင်းအရာ များ နှင့် ဆက်နွယ်ပြီး ပြည်သူကို သို့မဟုတ် တပ်တွင်းကို စည်းရုံးရန် ဖြန့်ဝေသည့် အကြောင်းအရာများပါဝင်သည်။




ပုံ ၄.၃ - ဆက်နွယ်သည့်ကိစ္စရပ်များ(Issue)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

ဆက်နွယ်သည့်ကိစ္စရပ်များ (Issue) တွင် ဘာသာရေးလှုံ့ဆော်မှုဆိုင်ရာကိစ္စများ (Religious)၊ လူမျိုးဆိုင်ရာ လှုံ့ဆော်မှု (Ethnicity/Nationality)၊ တော်လှန်ရေးအင်အားစုများကျူးလွန်သည်ဟု အပြစ်ပုံချခံရသော မှုခင်း (Crime) ဆိုင်ရာကိစ္စများ၊ မြေပြင်တွင်အမှန်တကယ်ဖြစ်ပွားစေရန်လှုံ့ဆော်ခြင်း(Call for action) နှင့် အမှန်တကယ် ဖြစ်ပွားသည့်အခြေအနေ (Activation) စသည်တို့က The Red Flag ၏ အချက်အလက် စုဆောင်းမှုတွင် လွှမ်းမိုးထားပါသည်။

အခြားအရေးကြီးသည့် ဆက်နွယ်ကိစ္စများအနေဖြင့် စစ်ဘက်ဆိုင်ရာစစ်ဆင်ရေး(Military Operation)၊ ဖမ်းဆီးရန်အွန်လိုင်းမှ အချက်အလက်ရှာဖွေလှုံ့ဆော်ခြင်း(Doxxing)၊ တပ်စွန့်ခွာပြီး ပြည်သူ့ရင်ခွင် ခိုလှုံခြင်း (Defection)၊ စစ်မှုထမ်းဥပဒေ (Military Conscription) ၊ သူလျှို (Spy) ကိစ္စ စသည့်တို့ကို သိမ်းဆည်း ရရှိထားပါသည်။ General Info သည် သုတေသနလုပ်ငန်းစဉ်အတွက် အသုံးဝင်သည့် အကိုးအကားနှင့်သက်သေ အထောက်အထားများသိမ်းဆည်းထားသည့် Category ဖြစ်ပါသည်။




ပုံ ၄.၄ - ပစ်မှတ်ထားခံရသည့်လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများ(Target)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

စစ်တပ်ဝါဒဖြန့်ချိမှုများ၏ အဓိကပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကို လေးလအတွင်း စုဆောင်းထားသည့် The Red Flag ၏ အချက်အလက်များကိုအခြေခံ၍ လေ့လာရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (EROs) များကို ဦးတည်တိုက်ခိုက်သည့် အကြောင်းအရာက အများဆုံးဖြစ်သည်။ ၎င်းတို့ဖန်တီးထား သည့်အကြောင်းအရာများ တွင် EROs များက လူသတ်၊ မုဒိန်းကျင့်၊ မီးရှို့ခြင်း၊ ဗုဒ္ဓဘာသာကိုစော်ကားခြင်း၊ တပ်သားသစ်စုဆောင်းခြင်း၊ ဘိန်းဘုရင်များအဖြစ်ပုံဖော်ခြင်း၊ ဗမာများကို မောင်းထုတ်ခြင်း စသည်ဖြင့် သည်းခြေကြိုက် ထိလွယ်ရှလွယ်ကိစ္စရပ်များ ပါဝင်သည်။ ယင်းတို့ကို အခြေခံ၍ EROs များကို အမုန်းတရားပွားရန်နှင့် နိုင်ငံတကာစာမျက်နှာတွင် လူအခွင့်အရေးချိုးဖောက်နေသည့်အကြမ်းဖက် အဖွဲ့အစည်းများဟု တံဆိပ်ကပ်ခံရစေရန် စစ်တပ်ထောက်ခံသူများက ဖန်တီးနေခြင်းဖြစ်သည်။

ဒုတိယအများဆုံးဦးတည်တိုက်ခိုက်ခံရသည်မှာ သာမန်အရပ်သားပြည်သူများ (Civilian) ဖြစ်ပြီး ဖမ်းဆီးရန်ခြိမ်းခြောက်ခံရခြင်း၊ ဗုံးကြဲရန်လှုံ့ဆော်ခြင်း၊ သတ်ဖြတ်ရန်ခြိမ်းခြောက်ခြင်း၊ စစ်မှုထမ်းရန်လှုံ့ဆော်ခြင်း စသည်အကြောင်းအရာ များဖြန့်ဝေနေသည်။ ထို့ပြင် တပ်စွန့်ခွာ၍ ပြည်သူ့ရင်ခွင်ခိုလှုံသူများ၊ CDM ပြုလုပ်ထားသူများ၊ မီဒီယာများ၊ PDF များ၊ မွတ်စလင်များ၊ ဗုဒ္ဓဘာသာဝင်များ၊ ထောက်ပို့များ၊ နိုင်ငံခြားသားများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှု များလည်းပြုလုပ်ထားသည်။

# အပိုင်း (၅) စကားဝှက်များနောက်ကွယ်က အမုန်းတရားမီးပွား

မြန်မာစစ်တပ်တွင် ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ရန်သူကြားဖြတ် အချက်အလက် မခိုးယူနိုင်ရန်အတွက်သော်လည်းကောင်း၊ စကားလုံးများပိုကျစ်လစ်စေရန် အတွက်သော်လည်းကောင်း တပ်တွင်း စကားဝှက်များ တီထွင်ဖန်တီးပြီးသုံးစွဲခဲ့ကြသည်။ "ရထား....ရထား"၊ "လင်းယုန်မှသီတာ" အစရှိသည့် တပ်ဘက်ဆိုင်ရာသုံးစကားဝှက်များသည် စစ်တပ်ဝါဒဖြန့်ချိရေး ရုပ်သံဇာတ်လမ်းများမှတဆင့် ရေပန်းစားဖူးသည်။ လက်ရှိ ကာလတွင်လည်း စစ်ကောင်စီ ဘက်ယိမ်းသည့် ဝါဒဖြန့်ချိရေး အကောင့်များသည် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများကန့်သတ်ထားသည့် **စကားလုံးကို ရှောင်ရှား၍ အမုန်းပွားအန္တရာယ်ဖြစ်စေနိုင်သော စကားဝှက်များကိုတီထွင်ပြီး** ဆထက်တပိုး တိုးတက်သုံးစွာလာသည်ကို တွေ့ရသည်။ The Red Flag အဖွဲ့အနေဖြင့် ယင်းစကားဝှက်များကိုစောင့်ကြည့်သိမ်းဆည်း အဓိပ္ပာယ်ဖော်ထုတ် လေ့လာထားပါသည်။

## (က) ပျံ့နှံ့ခဲ့သော စကားဝှက်အသုံးအနှုန်းများ(Wording) နှင့် ယင်းတို့၏ အဓိပ္ပာယ်များ

၂၀၂၄ ခုနှစ် ဇန်နဝါရီ နှင့် ဧပြီလအထိ ပျံ့နှံ့ခဲ့သည့် စကားဝှက် များအနက် The Red Flag အဖွဲ့အနေဖြင့် စကားဝှက်အသုံးအနှုန်း (Wording) စုစုပေါင်း ၁၅၆ ခုကို စောင့်ကြည့် သိမ်းဆည်းခဲ့ပါသည်။ ယင်းစကားဝှက်များ၏ နောက်ကွယ်တွင် ကိုယ်ထိလက်ရောက် စစ်ကြောမေးမြန်းရန်လှုံ့ဆော်ခြင်း၊ လူမျိုးတုန်းသတ်ဖြတ်ရန်လှုံ့ဆော်ခြင်း၊ လူမျိုးရေးဘာသာရေးအခြေခံအမုန်းတရားလှုံ့ဆော်ခြင်း၊ ပုဂ္ဂိုလ်ရေး အခြေခံ အမုန်းတရားလှုံ့ဆော်ခြင်း၊ လေကြောင်းတိုက်ခိုက်ရန် နယ်မြေရှင်းလင်းရန် လှုံ့ဆော်ခြင်း၊ လိင်ပိုင်းဆိုင်ရာညစ်ညမ်း အဓိပ္ပါယ်များ ပါဝင်သည်။

စောင့်ကြည့်သိမ်းဆည်းခြင်းကို အခြေခံသည့် ပင်မပလက်ဖောင်းမှာ Telegram ဖြစ်ပြီး စကားလုံး အသုံးပြုမှုကြိမ်နှုန်းတိုင်းတာသည့် ပလက်ဖောင်းတွင်လည်း Telegram ကိုသာ အခြေခံထားပါသည်။ ကြိမ်နှုန်းတိုင်းတာသည့် ပုံစံမှာ Telegram Application ၏ Search Box တွင် ပေါ်လာသည့် ကြိမ်နှုန်း အတိုင်းယူထားပါသည်။ အချို့ Channel များသည် ဖြတ်ချခံရခြင်း၊ မိမိကိုယ်တိုင် ပိတ်သိမ်းခြင်း အခြေအနေများရှိသည့်အတွက် အသုံးပြုမှု အကြိမ်ရေ ကိုတိုင်းတာရာတွင် ပကတိအကြိမ်ရေထက် နည်းပါးနေနိုင်ခြင်း၊ Channel နှင့် Group များတွင် မျှဝေသည့် အကောင့်အရင်းအမြစ် တူညီနေခြင်းကြောင့် ထပ်နေခြင်း (Overlap ဖြစ်နေခြင်း)များရှိနိုင်ပါသည်။ စကားဝှက်များအား ဖြန့်ဝေနေသည့် အကောင့် အမျိုးအစားများမှာ Channel Contents, Group Chats, Personal Accountတို့ ဖြစ်သည်။




ပုံ ၅.၁ - စကားဝှက်များ၏ အန္တရာယ်ယ်ဖြစ်စေနိုင်မှု(Risk Level) ပြ ရုပ်ပုံ

လေးလအတွင်စုဆောင်းခဲ့သည့် စကားဝှက်များတွင် အန္တရာယ်ဖြစ်စေနိုင်မှုကို တိုင်းတာသည့် အဆင့် ၆ ဆင့် ခွဲခြားထားသည်။ အနက်ရောင်၊ အနီရောင်၊ လိမ္မော်ရောင်၊ အဝါရောင်၊ အစိမ်းရောင် တို့အတွက် အန္တရာယ်ဖြစ်မှု အခြေအနေ အဓိပ္ပာယ်သတ်မှတ်ချက်သည် အပိုင်း (၃) အချက်အလက်စုဆောင်းမှုဆိုင်ရာ ကိန်းဂဏန်းပြ ရုပ်ပုံများတွင် ဖော်ပြထားသည့် အကြောင်းအရာများ၏ အန္တရာယ်ဖြစ်စေနိုင်မှုသတ်မှတ်ချက် (Risk Level)နှင့် တူညီပါသည်။ အပြာရောင်သတ်မှတ်ထားသည့် စကားလုံးများသည် အဓိပ္ပာယ်ဖော်ထုတ်၍ မရနိုင်သည့် စကားလုံးများဖြစ်သည်။ စကားဝှက်စုဆောင်းမှုနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုဇယားကို နောက်ဆက်တွဲ စာမျက်နှာတွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။

# အပိုင်း (၆)    နိဂုံးမှတ်စု

စည်းမျဉ်း၊ စည်းကမ်းတင်းကျပ်မှု လျော့နည်းသည့် Telegram, Youtube နှင့် Tiktok ပေါ်တွင် အမျိုးသားရေးလှုပ်ရှားသူများနှင့် စစ်တပ်လော်ဘီများသည် အများပြည်သူကို ၎င်းတို့ ဝါဒဖြန့်ချိမှုများကို လွယ်လွယ်ကူကူပြုလုပ်နေနိုင်သည့်အတွက် စိတ်ကြိုက်ဖြန့်ဝေနေသည် ကိုတွေ့ရှိရသည်။ အထူးသဖြင့် မတ်လအတွင်း ရေပန်းစားသည့်အကြောင်းအရာတခုဖြစ်သည့် စစ်မှုထမ်းရန်ဆင့်ခေါ်သည့်ဖြစ်စဉ်များကို စစ်တပ်လော်ဘီများနှင့် အမျိုးသားရေးလှုပ်ရှားသည့် အကောင့်များ၊ သတင်းမီဒီယာအယောင်ဆောင်များသည် အင်တိုက်အားတိုက် ဝါဒဖြန့်ချိမှုပြု လုပ်ခဲ့ကြသလို လူမျိုးရေး ဘာသာရေးအရ မီးတောက်စေမည့် ဇာတ်ကြောင်းများကိုလည်း လိုရာဆွဲဖန်တီးကာ သတင်းမီဒီယာအယောင်ဆောင်များမှ အချိန်ကိုက် ဖြန့်ဝေမှုများကို ဆက်တိုက်ပြုလုပ်လာသည်ကို သက်သေများဖြင့်တွေ့ရှိရသည့်အတွက် အများပြည်သူအတွက် အန္တရာယ်ကြီးမားစေနိုင်သည်ကိုတွေ့ရှိရပါသည်။ အဆိုပါဖြစ်ရပ်များသည် Facebook ပလက်ဖောင်း ပေါ်တွင် လည်း အခြား ပလက်ဖောင်းများ နည်းတူပျံ့နှံ့ခဲ့သည်။

အရေးကြီးသော အကြောင်းအရာ အနှစ်ချုပ်မှာ -

၁။ နိုင်ငံတစ်ဝန်း စစ်ရှုံးလာသော စစ်ကောင်စီသည် ဘာသာရေး၊ လူမျိုးရေး မီးတိုက်ရန် အင်တိုက်အားတိုက် အားထုတ်လာသည်။ အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသ ခရစ်ယာန်များဖြင့် သော်လည်းကောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်တို့တွင် အစ္စလာမ် ဘာသာဝင်များဖြင့်သော်လည်းကောင်း စိတ်ဝမ်းကွဲ ဘာသာရေး လူမျိုးရေး ပဋိပက္ခဖြစ်ရန် စနစ်တကျ စဉ်ဆက်မပြတ်အားထုတ်လာသည်ကိုတွေ့ရသည်။

၂။ မြန်မာနိုင်ငံတွင် လူသုံးများသော Telegram၊ Facebook၊ Youtube နှင့် Tiktok တို့မှ တဆင့် တရုတ်၊ ဘင်္ဂါလီ ဘာသာစကားများပါ အသုံးပြုကာ ဝါဒဖြန့် အမုန်းတရား လှုံ့ဆော်ခြင်းတို့ ပြုလုပ်လာသည်။ အထူးသဖြင့် Youtube နှင့် Tiktok ပေါ်တွင် လူအများ စိတ်ဝင်စားဖွယ်ရာ ဗီဒီယိုများ ဖြန့်ချိကာ လှုံ့ဆော်ခြင်းဖြစ်သည်။ အထူးသတိထား ကိုင်ကွယ်ရမည့် ကိစ္စ တခုမှာ Youtube ပေါ်တွင် ထိုသို့သော အမုန်းတရား လှုံ့ဆော်ရေး စာမျက်နှာများက ကြော်ငြာဝင်ငွေ ရရှိနေကြောင်း အထောက်အထားများ တွေ့ရှိရခြင်း ဖြစ်သည်။

၃။ ယင်းအပြင် တော်လှန်ရေး အင်အားစုများကို သတ်ဖြတ်မည့် အနက်ရောင်သေမင်းတမန် အဖွဲ့ကို ပဲခူးတိုင်းတွင် ထူထောင်လိုက်ပြီး မေလအတွင်း အမျိုးသားသုံးဦးကို အမှန်တကယ် သတ်ဖြတ်လိုက်သည်။ ယင်းအကြောင်းကို Telegram ကဲ့သို့သော လူမှုမီဒီယာမှ တစ်ဆင့် သတင်းဖြန့်ဝေခဲ့ပြီး များစွာ အန္တရာယ်ကြီးသော ကိစ္စရပ်တခုလည်း ဖြစ်သည်။

၄။ နောက်ဆုံးတခုမှာ လူမှုမီဒီယာပေါ်တွင် ကန့်သတ်ချက်များကို ရှောင်လွှဲနိုင်ရန် စကားဝှက်များ အသုံးပြုလာခြင်းဖြစ်သည်။ သတ်ဖြတ်၊ ညှင်းပန်းနှိပ်စက်၊ လူမျိုးရေး ခွဲခြားသည့် စကားလုံးများကို အသုံးပြုရန် ကန့်သတ်ထားရာ ထိုသို့သော စာမျက်နှာများပေါ်တွင် ယင်းတို့ကို အစားထိုးသုံးစွဲသည့် စကားဝှက်များ အသုံးပြုလာခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံရှိ လူဦးရေထူထပ်ပြီး ဘာသာပေါင်းစုံလူမျိုးပေါင်းစုံ နေထိုင်ရာမြို့ကြီးများတွင် ရိုဟင်ဂျာ-ရခိုင်-မွတ်စလင် အဓိကရုဏ်းဖြစ်စေရန် စစ်ကောင်စီနှင့် လက်ပါးစေများက အားထုတ်နေကြောင်း ထင်ရှားသော သာဓကများ တွေ့ရှိခဲ့သည်။

ထို့ကြောင့် Social Media Company များ၊ သက်ဆိုင်ရာ အကျိုးစပ်ဆိုင်သူများ၊ သတင်းမီဒီယာများ၊ တက်ကြွလှုပ်ရှားသူများအနေနှင့် ကြိုတင်သတိထောက်ကိုင်တွယ်နိုင်ပါရေး အလေးပေးပြောဆိုရင်း ဤအစီရင်ခံစာကို နိဂုံးချုပ်အပ်ပါသည်။

ကျေးဇူးတင်ပါသည်။

----------------------------------------

Keyword များအတွက် နောက်ဆက်တွဲဇယားကို နောက်စာမျက်နှာတွင် ကြည့်ရန်

# နောက်ဆက်တွဲဇယားဖော်ပြမှု

| Extreme Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | မိတ်ကပ်လူး | မျက်နှာကို ရိုက်နှိုက်စစ်ကြော |
| 2 | ဖုန်ခါ | ရိုက်နှက်၊ နားပန်ကျင်း |
| 3 | သင်္ဂြိုဟ် | သတ်ဖြတ် |
| 4 | ရခီး | ရခိုင်လူမျိုး |
| 5 | ဥမျှားဥချ | လေကြောင်းမှဗုံးကြဲခြင်း |
| 6 | ပြာလီစွ | ပြာဖြစ်သည်အထိ တိုက်ခိုက်၊ မီးရှို့ရန်လှုံ့ဆော် |
| 7 | AAရခီးတွေ | AAရခိုင်လူမျိုးများ |
| 8 | အမြန်ကောက် | အမြန်ဆုံး ဖမ်းဆီးရန် |

ဇယား ၁ - အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေ အနက်ရောင်အဆင့် စကားဝှက်များ

| High Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | ငှက်ချီးပါ | လေကြောင်းဗုံးကြဲတိုက်ခိုက်မှု |
| 2 | သားဖောက်ကောင် | အစ္စလာမ်ဘာသာဝင်များ၊ ရိုဟင်ဂျာများ |
| 3 | မျိုးပွားစိတ် | အစ္စလာမ်ဘာသာဝင်များ၊ ရိုဟင်ဂျာများ |
| 4 | လင်းယုန် ဥ အလုံးကြီးကြီးချ | လေကြောင်းမှဖျက်အားပြင်းဗုံးအကြီးများကြဲသည် |

| | | |
|---|---|---|
| 5 | သိမ်းငှက်အစာကောက် | လေကြောင်းတိုက်ခိုက်မှုပြုလုပ် |
| 6 | အစာကောက် | လေကြောင်းတိုက်ခိုက်မှု |
| 7 | မိုးကြိုးပစ် | လေကြောင်းတိုက်ခိုက်မှု |
| 8 | စကရ | စစ်ကြောရေး |
| 9 | ခိုးဝင်ကူမင်တန်များ | ကိုးကန့်လူမျိုး |
| 10 | မုန့်တီမလင် | ရခိုင်အမျိုးသားများ |
| 11 | မုတ်ဆိတ်ကြောက် ခဲဝါများ | ရက္ခိုင့်တပ်တော်AA |
| 12 | မုတ်ဆိတ်မယား | မွတ်ဆလင်ဇနီး |
| 13 | မုတ်ဆိတ်များ | မွတ်ဆလင်/ ရိုဟင်ဂျာများ |
| 14 | ဝမစ | အစ္စလာမ်ဘာသာဝင် |
| 15 | သရေကြိုးတစ်ပြားတွေ | အစ္စလာမ်ဘာသာဝင် |
| 16 | ငပွေး | ကရင်လူမျိုး |
| 17 | ဘင် | ရိုဟင်ဂျာလူမျိုး |

ဇယား ၂ - အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေ အနီရောင်အဆင့် စကားဝှက်များ

| **Medium Risk Level Wording** | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | ပုစဉ်း | တိုက်ခိုက်ရေးရဟတ်ယာဉ် |
| 2 | အစိရှည် | အမျိုးသမီး(Female) |
| 3 | အွန်ချောင် | ဆိုရှယ်မီဒီယာကိုအသုံးပြု၍စစ်ကောင်စီကိုဆန့်ကျင်သူ |

| | | |
|---|---|---|
| 4 | ဘင် | ရိုဟင်ဂျာလူမျိုး |
| 5 | မုတ်ဆိတ်တွေ | မွတ်ဆလင် |
| 6 | ဆန့်ငင်ဆန့်ငင် | ဒဏ်ရာရရှိသည် |
| 7 | လန | လက်နက် |
| 8 | ပုခတ်စီး | ဒဏ်ရာရသည်၊ သေဆုံး သည် |
| 9 | မာမူ | မွတ်စလင် |
| 10 | မွတ် | မွတ်ဆလင်မူမျိုး |
| 11 | ခရစ် | ခရစ်ယာန်ဘာသာ |
| 12 | အကြမ်းဖက် ခွေးတိရိစ္ဆာန် အီအီ | ရက္ခိုင့်တပ်တော် AA |
| 13 | ခွေးကာကွီရေးစခန်း | တော်လှန်ရေး ကာကွယ်ရေးစခန်းများ |
| 14 | အမှောက်သိပ် | အပြီးသတ်ချေမှုန်း |
| 15 | ရင်နီဖင်စိမ်း | တပ်တွင်း၌ပင်နေထိုင်၍ တပ်တွင်းသွေးကွဲအောင်လုပ်နေသူ |
| 16 | မင်းကြီးရဲ့လင်းယုန်တွေ | စစ်တပ်၏ လေယာဉ်များ |
| 17 | သလဲသီး | စစ်တပ်ဘက်မှ တော်လှန်ရေးထဲ ထည့်ထားသည့် သတင်းပေး |
| 18 | ခွေးကန့် | ကိုးကန့် |
| 19 | နီယုတ်မာ | NLDထောက်ခံသူများ |

ဇယား ၃ - အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေ လိမ္မော်ရောင်အဆင့် စကားဝှက်များ

| Low Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |

| | | |
|---|---|---|
| 1 | ခွေးမြတ်နိုင် | ထွန်းမြတ်နိုင် |
| 2 | ခိုင်သခေါ | ခိုင်သုခ |
| 3 | အပုံမ | ပန်ဆယ်လို |
| 4 | ပဒက် | PDF |
| 5 | သကသ | သောင်းကျန်သူ |
| 6 | အနီ | NLDကိုထောက်ခံသူ |
| 7 | စင်ကြက် | စင်္ကာပူနိုင်ငံမှတော်လှန်ရေးထောက်ပံ့မအိုင်ရင်း |
| 8 | အနူဂျီ | အမျိုးသားညီညွတ်ရေးအစိုးရ (NUG) |
| 9 | မျောက်သုံးကောင် | မြောက်ပိုင်းညီနောင်မဟာမိတ်များ |
| 10 | စိန | တရုတ်နိုင်ငံ |
| 11 | စစ်သွေးကြွများ | PDF |
| 12 | ပါဝါရိမ်းဂျားငနီကောင် | ဘယ်တော့မှ ထိခိုက်ဒဏ်ရာမရသော တော်လှန်ရေးအင်အားစုများ |
| 13 | လက်ပြတ် | စောစလုံး |
| 14 | ခနပ | ခွေးနီပိတ် = NLDထောက်ခံသူ တဖက်ပိတ်များ |
| 15 | လေမျိုးဇင် | နေမျိုးဇင် |
| 16 | ညှော်သည် | ပြင်ပမှကျူးကျော်သူများ |
| 17 | အကဖ | အကြမ်းဖက် |
| 18 | ဖရဲသီး | သူလျှို |
| 19 | နောက်ကျည် | နောက်ကွယ်မှအချင်းချင်းပြန်လုပ်ကြသည့် ကျည်ဆန် |
| 20 | ပဆလ | ပန်ဆယ်လို |
| 21 | ဘတ်ကီးရိုက် | ခိုးဝှက်သည် |

| | | |
|---|---|---|
| 22 | သော်လံရီး | တော်လှန်ရေး |
| 23 | လေနတ်သား | လေတပ် |
| 24 | ဗိုလ်မျောက်ရှုံး | အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မင်းအောင်လှိုင် ကို ခေါ်ဆိုခြင်း |
| 25 | တပ်ပြုန်းညီနောင် | ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဒုချုပ်စိုးဝင်းကို ခေါ်ဆိုခြင်း |
| 26 | ခွေးရိကန် | အမေရိကန် |
| 27 | တယုတ် | တရုတ် |
| 28 | မာရသွန်အပြေးပြိုင်ပွဲ | စစ်ကြောင်းလာ၍ ထွက်ပြေးရခြင်း |
| 29 | မြောက်တွေ | မြောက်ပိုင်းညီနောင်မဟာမိတ် |
| 30 | အနောက်ကုန်း | အနောက်နိုင်ငံများကို ထောက်ခံ၊ အားကိုးသူ |
| 31 | ဒန်းစီး | ဒဏ်ရာရသည် |
| 32 | အကဖသကသ | အကြမ်းဖက် သောင်းကျန်းသူ |
| 33 | ခနပ (ခွေးနီးပိတ်) | NLDအမာခံ ထောက်ခံသူများ |
| 34 | နံနံဒီ | NLDပါတီ |
| 35 | ဂုတ်တိုလိပ်ဖင် | NUG ဝန်ကြီး ဒေါ်ဇင်မာအောင် |
| 36 | ငနီ | NLDထောက်ခံသူ |
| 37 | ပဒက်ဂုတ်ကြား | PDF |
| 38 | အရှုံးတော်ပုံ | အရေးတော်ပုံ |
| 39 | ခေါကြီး | မင်းကိုနိုင် |
| 40 | မစဖ | မြို့နယ်စီမံအဖွဲ့ (စစ်မှုထမ်းဥပဒေ) |
| 41 | ဗမာ့နောက်ပိတ်ပဒက် | တိုင်းရင်းသားတပ်ဖွဲ့များတွင် ခွဲခြားဆက်ဆံခံနေရသည့် ဗမာလူမျိုး PDF |

| | | |
|---|---|---|
| 42 | KIAပိန်းဥမီဒီယာ | KIAထောက်ခံသည်ဟု စွပ်စွဲထားသည့် ကချင်ဒေသတွင်းသတင်းဌာနများ |
| 43 | ထွန်း၊ ညို | AAစစ်ဦးစီးချုပ် ဗိုလ်ချုပ် ထွန်းမြတ်နိုင်နှင့် ဒုစစ်ဦးစီးချုပ် ဒေါက်တာညိုထွန်းအောင် |
| 44 | ပြည်ဖျက်မီဒီယာများ | နိုင်ငံခြားအခြေစိုက် သတင်းဌာနများ |
| 45 | ပြည်ပြေးကြေးစား ခွေးသစ်လား | ခေတ်သစ်သတင်းဌာန |
| 46 | KSO | စစ်တပ်လော်ဘီချန်နယ်မှ ကျော်စိုးဦး |
| 47 | အစိုးရပြုတ် | NLD အစိုးရ |
| 48 | Dog သစ် | ခေတ်သစ်မီဒီယာ |
| 49 | Far ဆန်နေတဲ့ ခွေးနီပိတ်ထမီခြုံ သဖုတ်သလော်ဘီမီဒီ ညာတွေ | ပြည်သူယုံကြည်သည့် သတင်းဌာနများ |
| 50 | မျောက်ဝတ်ရည် | အွန်လိုင်းတွင် လူသိများသူ ဒေါက်တာမြဝတ်ရည် |
| 51 | ပြည်ပြေးလော်ဘီ | ပြည်ပရောက် တော်လှန်ရေး ထောက်ခံသူ |
| 52 | စံပယ်နှစ်ပွင့် | အမျိုးသမီးနှစ်ယောက် |
| 53 | ဟသ်ာခွပ်မည် | မွန်တော်လှန်ရေးအုပ်စုများလာတိုက်မည် |
| 54 | ဂွမ်မော်မ | KIA ဒုတိယဗိုလ်ချုပ်ကြီး ဂွမ်မော် |
| 55 | လိမ္မော်သီး | ရဟန်းသံဃာ |
| 56 | ဘဏ်ဒိမ်း | ဘဏ်တွေကို ဓားပြတိုက်၊ အမျိုးသမီးများကို မုဒိမ်းကျင့်သည့် PDFကို ရည်ညွှန်း |
| 57 | profileမိုးချုပ် | Profile အမည်းချိန်း |
| 58 | မြောက်အစိမ | Mizzima |
| 59 | ဌက်နာ | NLDပါတီဝင်များ |

| | | |
|---|---|---|
| 60 | ကြက်နာ | NLDပါတီဝင်များ |
| 61 | ငှက်သိုက် | NLDပါတီဝင်များ |
| 62 | မေဖလားဝါးမ | ပန်ဆယ်လို |
| 63 | ရောင်ကြောင်နဲ့ မြင်းစီးမ | The Irrawaddy, Mizzima |
| 64 | ပဲပိုးထိုး | တဖက်ရန်သူကို သတင်းပေးနေတဲ့သူများ |

ဇယား ၄ - အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေ အဝါရောင်အဆင့် စကားဝှက်များ

| None Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | ခဲဝါ | AAလက်နက်ကိုင်အဖွဲ့ |
| 2 | ရွှေဘ | ရဲ၊စစ်သား |
| 3 | ရေခဲ | အေးဆေး |
| 4 | ပွဲကြီး | အမေရိကန် |
| 5 | မြန်ပတပ်မတော် | အာဏာသိမ်းစစ်တပ် |
| 6 | အစိမ်းချစ်သူ၊ စိမ်းပိန်း | စစ်တပ်ထောက်ခံအားပေးသူ |
| 7 | စမထဟ | စစ်မှုထမ်းဟောင်း |
| 8 | ပသစ | ပြည်သူ့စစ် |
| 9 | ဝက်ဝံကြီး | ရုရှား |
| 10 | လဝ | လျှို့ဝှက် |

| | | |
|---|---|---|
| 11 | တဖဝ | တပ်ဖွဲ့ဝင် |
| 12 | တော်လံရီး | တော်လှန်ရေး |
| 13 | အယောင်ပြနိုင် | ဝင်ရောက်တိုက်ခိုက်နိုင် |
| 14 | ယန်ကီး | အမေရိကန် |
| 15 | စီလုပ် | တရုတ် |
| 16 | ပသစ | ပြည်သူ့စစ် |
| 17 | အကိုညို | AAဒုချုပ် ဒေါက်တာညိုထွန်းအောင် |
| 18 | မ ဝ တ | မြဝတီ |
| 19 | သဃညန | သဃ်န်းညီနောင် |
| 20 | အနူဂျီးငနက် | NUG |
| 21 | အနေအထားရွှေကျား | အခြေအနေကောင်းမွန်သည် |
| 22 | သာကူး | အခြေအနေကောင်းမွန်နိုင်ခြေများသည့် ဘက်သို့ခုန်ကူးသည့် စစ်တပ်ထောက်ခံသူများ |
| 23 | အမေ့သားများ | NLDပါတီ (သို့) ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသူများ |
| 24 | ခွေးသစ် | ခေတ်သစ်မီဒီယာ |
| 25 | လူကအနူ ကိုင်ချင်တာက တူ | ကိုယ့်အခြေအနေကို မသိဘဲ အားမသန်သောအရာကို လုပ်ချင်သူ |
| 26 | ဖိုးချစ် | BGFက ဗိုလ်မှူးကြီးစောချစ်သူ |
| 27 | လောင်တော်မင် | လင်တော်မောင် |
| 28 | မတ်မတ်ဖျုံ | ပန်ဆယ်လို |
| 29 | ဝပ်ကျင်းထဲရောက်ပြီ | ဘေးကင်းကြောင်း သတ်မှတ်နေရာသို့ရောက်ရှိ |
| 30 | လနချ | လက်နက်ချ |

| | | |
|---|---|---|
| 31 | ရခိုင်သမချေ | ရခိုင်အမျိုးသမီးများ |
| 32 | အနူဂျီး လေပေါ်အစိုးမရ | NUG အစိုးရ |
| 33 | နားခံတော် ရွှေဘများ | တာဝန်ထမ်းဆောင်နေသည့် စစ်တပ်၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ |
| 34 | မလမ | မော်လမြိုင် |
| 35 | ဖရဲသီးပုပ် ကျွဲမကြီး | စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ |
| 36 | တယုတ်ပြည်သူ့ရေမီးရှားနိုင်ငံ | မြန်မာပြည်အထက်ပိုင်း |
| 37 | အမေရိကန်ပြည်သူ့ရေမီးရှားနိုင်ငံ | မြန်မာပြည်အောက်ပိုင်း |
| 38 | ရေခဲ | အခြေအနေတည်ငြိမ်အေးချမ်း |
| 39 | ပတောက်ပတောက် | အနည်းငယ်ဖြစ်ပွား |
| 40 | ပလောချက် | Project |

ဇယား ၅ - အန္တရာယ်ဖြစ်စေနိုင်သည့် မရှိသည့် သို့မဟုတ် အစိမ်းရောင်အဆင့် စကားဝှက်များ

| Unidentified Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | မာလာပုလဲ | N/A |
| 2 | ကမာတက် | N/A |
| 3 | ကမာဖရဲ (ရထားနောက်ပစ်တယော၃၂) | N/A |
| 4 | သီတာပေါ်နေ | N/A |
| 5 | ခွဝံကြယ်နယ်မြေ | N/A |

| | | |
|---|---|---|
| 6 | မာလာဒရယ်ကမာ - | N/A |
| 7 | ပလက်ဖောင်းမင်းသားများ | N/A |
| 8 | လွယ်ကြိုးသမားများ | N/A |

ဇယား ၅ - စကားဝှက်အဓိပ္ပာယ်နှင့် အန္တရာယ်ဖြစ်စေနိုင်သည့် အဆင့် မဖော်ထုတ်နိုင်သော စကားလုံးများ

## Acknowledgement

Sincere gratitude to the researchers and data collectors from Red Flag as well as to those who provided technological and financial support in the creation of this paper. If you have any inquiries or suggestions concerning this paper, kindly reach out to us at theredflagmedia@proton.me.

# ကြမ်းကြုတ်သော ခြေသံ၊

# ကောက်ကျစ်သောခြေလှမ်း

# မြန်မာစစ်တပ်ဝါဒဖြန့်သူများ၏ လားရာကို

# ဆန်းစစ်ခြင်း

## "Cruel Footstep, Cunning step"

## Analyzing the Trends of Pro-Myanmar

## Military Propagandists

Author and publish this paper by The Red Flag